# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၁၉)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၁၉-၁၀-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့ ✪

## ယနေ့ ဖတ်စရာအညွှန်း


၂၀၂၄ ခုနှစ် နိုင်ငံတကာ ဝါးနှင့် ကြိမ် ဓာတ်ပုံပြိုင်ပွဲ မြန်မာနိုင်ငံမှ ပထမဆု နှစ်ဆုရရှိ — စာမျက်နှာ ၁၂

အဆင်ပြေသွားမှာပါ (ဆောင်းပါး) — စာမျက်နှာ ၁၇


## တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ စနေနေ့။

မန္တလေးနေ့စဉ်

# ပညာသင်ရမည့်အရွယ်တွင် ပညာကိုတတ်မြောက်အောင် သင်ကြားရမည်

လောကတွင် အကောင်းအဆိုး၊ အမှားအမှန်များကို ဝေဖန်ပိုင်းခြားနိုင်သော တစ်ခုတည်းသော ပြဒါးတိုင်မှာ ပညာဖြစ်သည်။ အမှားအမှန်ကို ဝေဖန်နိုင်ရုံသာမက အမှားအယွင်းကို ကင်းအောင်လည်း ဖယ်ရှားနိုင်စွမ်းလည်းရှိသည်။ ထို့ပြင် လောကနီတိဆုံးမစာတွင် အတတ်ပညာသင်ကြားရမည်ဖြစ်သည်။ အတတ်ပညာမရှိသူသည် သူတစ်ပါး၏ဝန်ထုပ်ဝန်ပိုးကို ထမ်းရမည်ဖြစ်သည်။ လောကပတ်ဝန်းကျင်၌ အတတ်ပညာနှင့် ပြည့်စုံသူကို ချီးကျူးပူဇော်ကြသည်။ လူ့ဘဝတွင် ပထမအရွယ်၌ ပညာတတ်အောင် သင်ကြားကြရမည်ဖြစ်သည်။ ပထမအရွယ်၌ ပညာမသင်ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန် ခက်ခဲနေမည်ဖြစ်သည်။ စီးပွား ဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေ နိုင်မည်မဟုတ်ပေ။ စတုတ္ထအရွယ် ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည်မဟုတ်ပါ။

ထို့ကြောင့် လူ့ဘဝ၏ အဖိုးတန်ဆုံးသော အချိန်ကာလသည် ပထမအရွယ်လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင်သင်ကြားကြရမည်ဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟုဆိုနိုင်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာ ကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

လူငယ်ဆိုသည်မှာ တက်ကြွသည်။ ရှင်လန်းသည်။ ကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ မိမိတို့ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကို ရောက်အောင်ကြိုးစားခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူချင်းအတူတူ သူက စာတော်ပြီး မိမိက စာညံ့နေလျှင် သူ့လိုဖြစ်အောင် ငါလည်းကြိုးစားမယ် ဆိုသောစိတ်ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား၍ မအောင်မြင်သောအရာဟူသည် ဤလောက၌ မရှိသေးပါ။ ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်သာ ဖြစ်သည်။

ထို့ကြောင့် လူငယ်တို့သည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်အောင်မြင်မြင်ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန်တွင် အခက်အခဲရှိတော့မည်မဟုတ်ပေ။ မိမိတို့ရရှိထားသော ဘွဲ့၊ အရည်အချင်းပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းမှန်သမျှက စောင့်ကြိုနေမည်သာဖြစ်သည်။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ပညာသင်ရမည့်အရွယ်တွင် ပညာကို တတ်မြောက်အောင် သင်ကြားရမည်ဖြစ်ပြီး အစိုးရကလည်း ပညာရေးကို အထူးအလေးထားဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့နယ်တွင် သံဃာဂိုဏ်းပေါင်းစုံ ပဝါရဏာရွတ်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ် သံဃာဂိုဏ်းပေါင်းစုံ ပဝါရဏာရွတ်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ညနေ ၃ နာရီက ဆူးကုန်းရပ်ကွက် ရေနားသာမဏေကျော်ကျောင်း ဝေရီဇေယျသာသနဝေပုလ္လကာရီ ဝိသုဂါမ မဟာသိမ်တော်ကြီးတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ဖောင်ရွာရပ်ကွက် ကုန်းမြင့်သာပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များက ပဝါရဏာရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ပါရိသုဒ္ဓိဥပုသ်မရသည့် သံဃာတော်များက ဥပုသ်ပြုကြပြီး မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းခဲ့ပြီး သံဃာတော်များအား ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ဝတ္ထုငွေများ၊ ဆွမ်းဆန်များနှင့် သံဃာအသုံးအဆောင်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**





## နဂါးကိုးကောင်ဆရာတော်မွေးနေ့အလှူ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဘုရားအမ၊ ကျောင်းအမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများက နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ၏ မွေးနေ့အလှူကို အဆိုပါကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် ဦးစိုးနိုင်မိသားစု၊ ကိုဇင်ဖြိုးဦး+မယုယုငြိမ်း မိသားစု၊ ရန်ကုန်မြို့၊ ဇမ္ဗူထိပ် အောင်ချမ်းသာမိသားစု၊ ကျောင်းအမကြီး ဒေါ်ခင်သီတာထွန်း၊ (ညီမ)မနုနုလှ(WHITE ROSE ကွန်ပျူတာ)၊ ကိုထွန်းထွန်း(ထိုင်ဝမ်မိသားစု)၊ နတ်ဆရာမကြီး ဒေါ်ရွှေတင်၊ ဒေါ်အေးရီ၊ ဆရာမောင်ယော၊ ဆရာကုလားလေးနှင့် အလှူရှင်၊ အလှူဒါယကာ+အလှူဒါယိကာမများက နဂါးကိုးကောင်ဆရာတော် အမှူးရှိသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် အဆိုပါကျောင်းရှိ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်တကွ ကြာဆံဟင်း၊ ရေခဲမုန့်တို့ဖြင့် အရပ်လေးမျက်နှာမှ ရောက်ရှိလာကြသော ဘုရားဖူးဧည့်သည်များအား စတုဒိသာ ထမင်း၊ ဟင်းလျာများဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

ဆရာတော်မွေးနေ့အခမ်းအနားသို့ အလှူရှင် ဒါယကာ+ဒါယိကာမများနှင့် ကွန်ပျူတာကျောင်းဆောင် အလှူရှင် ဦးမြင့်အောင်နှင့် မိတ်ဆွေများ တက်ရောက်ကြကြောင်း သိရသည်။

**(ကဆ)**

**မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဦးစီးသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များ စုပေါင်း၍ ယနေ့ညပိုင်းက ကျောင်းဝင်းအတွင်း သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီးထွန်းညှိပူဇော်ထားရှိမှုကို တွေ့မြင်ရစဉ်။ (မန္တလေးနေ့စဉ်-၁)**



## (၁၂)ကြိမ်မြောက် နိဗ္ဗာန်ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက်တွင် တည်ထားကိုးကွယ်သော ရတနာမာရ်အောင်ဘုရားရင်ပြင်တော်၌ (၁၂)ကြိမ်မြောက် နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၄ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း နိဗ္ဗာန်ဈေးရောင်းပွဲဗတ်ကို ရတနာမာရ်အောင်ဘုရားရင်ပြင်တော်မှာ ကျင်းပခဲ့တာ ဒီနှစ်ဆို (၁၂)ကြိမ်မြောက်ပေါ့။ နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့တာဖြစ်ပြီး ဒီနှစ်လည်း နိဗ္ဗာန်ဈေးရောင်းချသူ ၂၀ ဦးက မုန့်တီသုပ်၊ မုန့်ဟင်းခါး၊ မုန့်ဖတ်ထုပ်၊ ရွှေရင်အေး၊ ရေခဲမုန့်နဲ့ မြန်မာ့ရိုးရာမုန့်မျိုးစုံများ ခင်းကျင်းရောင်းချပြီး လာရောက်ဝယ်ယူစားသုံးသူများနဲ့ စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ ဈေးရောင်းချသူများကလည်း ကုသိုလ်ဖြစ်ပွဲမို့ လာရောက်စေတနာထားရောင်းချသလို ဝယ်ယူစားသုံးသူများကလည်း ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ နိဗ္ဗာန်ဈေးပွဲတော်မို့ ပွဲတော်မှာ ပါဝင်ကြသူအားလုံး ပျော်ရွှင်မှုရကြတာ နှစ်စဉ်မြင်တွေ့ရတာ ကြည်နူးသာဓုခေါ်စရာဖြစ်ပါတယ်" ဟု ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးမောင်မောင်က ပြောသည်။

အဆိုပါ နိဗ္ဗာန်ဈေးရောင်းပွဲတော်တွင် ရောင်းချသည့် မြန်မာ့ရိုးရာအစားအစာမုန့်များနှင့် မုန့်ပွဲများကို ငွေကျပ် ၅၀၀၊ ၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး နိဗ္ဗာန်ဈေးရောင်းသူများ၏ စုစုပေါင်းရောင်းချရငွေကျပ် တစ်ဆယ့်သုံးသိန်းရှစ်သောင်းကျပ်ကို ရတနာမာရ်အောင်ဘုရား ဂေါပကအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၄၅၃)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးဂီတာအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✪ ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့နှင့်အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်အားပေးကြသည်။

### ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာအသုံးပြု၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသစုံလင်လှသည့် ဆို၊ ငို၊ ပြော အကအလှများဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပသည့် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး)(ဂီတာ) အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"(ကြိုး) သီချင်းအား သီချင်း၏ရသပေါ်လွင်စေပြီး နားဆင်သူများ နားဝင်ပီယံရှိစေရန် လက်စွမ်းပြ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ စာမျက်နှာ ၂၄ မှ

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



### ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်တို့သည် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်စဉ်။

### ပါဝင်ယှဉ်ပြိုင်

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု "မဟာဧရာ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု "မန်းမြို့ဂုဏ်ရည်" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု " ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့တို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


> **ကြည့်ရှုအားပေး**
>
> မဟာဇနကဇာတ်တော်ကြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်မှုကို ညှိပရိသတ်များ ကြည့်ရှုအားပေးစဉ်။

---


☀ လေပွေလှိုင်းမှ

ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့် လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။"

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

---

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

“သီလာဝေယံ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သီလာဝေယံ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ယှဉ်ပြိုင်ကြ**

“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မဂ္ဂင်ရှစ်ပါး” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ချစ်စရာ ရွှေတမာ”သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမ ရသစုံလင်လှသည့် ဆို၊ ငို၊ ပြော၊ အကအလှများဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူငယ် အားမာန်အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး” ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

ဂီတာအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုန်းမိုးသွန်းလောင်း” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက




အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဇူးဇူးစံ ယှဉ်ပြိုင်စဉ်။

“မန္တလာဘုံ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူမနော” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဘာဂီရိ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြမန်းဂီရိ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လာချေပြီ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခန်းတွင်းရိပ်သာ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖူးပွေ့လက်တင်” (ဘောလယ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စံရာတောင်ကျွန်း” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “စံရာတောင်ကျွန်း”(ကြိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

တယောအတီး ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၆ သို့

◌ စာမျက်နှာ ၅ မှ

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နန်းဘုံသီဟာသွေ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပြည်ကြီးရော" (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း)ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာ ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဖေယျာရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

## ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရီရီဆိုင်းဆိုင်း"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေညီလာ" (လေးထွေသံကတ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေကသာ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။






ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့်တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဖေယျာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရွှေနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးတင်ဦးလွင်၊ ဦးညဏ်ထွန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

## ထည့်သွင်းယှဉ်ပြိုင်

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဇာတ်တော်ကြီးပြိုင်ပွဲအတွက်"မဟာဇနက" ဇာတ်တော်ကြီးကိုလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲအတွက် "ဝေဿန္တရာ"ဇာတ်တော်ကြီးကို လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲအတွက် မင်းသားနှင့် ဇော်အရုပ်ကြိုးဆွဲပြိုင်ပွဲကို လည်းကောင်း ထည့်သွင်း ယှဉ်ပြိုင်လျက်ရှိသည့်အပြင် ရှားပါးပညာရပ်တစ်ခုဖြစ်ပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် နှုတ်မှုစွမ်းရည်ပြ "ကွက်စိပ်" ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အတွက် "မဟာသုတ သောမ" ဇာတ်နှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အတွက် "သမုဒ္ဒဝါဏိဇ" ဇာတ်တို့ကိုယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။






ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း )အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဆီမီးများပူဇော်**

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှလမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



**မီးအလှများဆင်ယင်**

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက လျာထားစိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ကျစေရန်အတွက် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ မြေပဲ ကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ မိုးမြေပဲကို ဆောင်းမြေပဲအတွက် မျိုးအဖြစ် အဓိကထား စိုက်ပျိုးကြပါတယ်။ ယခုနှစ် မိုးမြေပဲ ၇၂၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းမြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ တောင်သူတွေကို ဒေသရာသီဥတုကိုက်ညီတဲ့ မျိုးကောင်း၊ မျိုးသန့်ရရှိရေးနဲ့ စိုက်ပျိုးရေးနည်းပညာများ အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၃၈၉၆ ဧက၊ နေကြာ ၁၂၃၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၀)

## ယာယီဈေးတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**ဆီဆိုင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့တွင် မြို့မဈေးနေရာ၌ ယာယီဈေးတည်ဆောက်နေမှုအား အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူတို့က မြို့မဈေးနေရာတွင် အဆောင်(၁၈)ခု၊ ဆိုင်ခန်း(၃၈၂)ခန်း ပါဝင်သော ယာယီဈေးပုံစံ ဆောက်လုပ်နေမှု လုပ်ငန်းအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါမြို့မဈေးသည် ဖေဖော်ဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး မြို့မဈေးအား ယာယီအကွက်ချပုံစံဖြင့်သာ ဖွင့်လှစ်ရောင်းချခဲ့သည်။ ယခုတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၇၉ ဒသမ ၈၉၇ သန်းဖြင့် ယာယီဈေးဆောက်လုပ်နေမှုလုပ်ငန်းသည် ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးမြို့ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ရက်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့၊ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နှစ်ရက်တာကျင်းပခဲ့ရာ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယနေ့(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့)ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မီးထွန်းပွဲတော်လာပြည်သူများနှင့်အတူ ၂၆ လမ်းနှင့် ၆၆ လမ်းရှိ ကုသိုလ်တော်ပုံတူစေတီတော်ရှေ့တွင် ဆီမီးများကို ထွန်းညှိပူဇော်ခဲ့ကြသည်။

မန္တလေးမြို့၊ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်တွင် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းအထိ ကျုံးဘေးလမ်းမကြီးတစ်လျှောက် သွယ်တန်းအလှဆင်ထားသည့် လျှပ်စစ်ရောင်စုံအလှဆင်မီးများ၊ ချိတ်ဆွဲထားသည့် ရောင်စုံမီးပုံးများ၊ မီးအလှဆင်ရုပ်များ၊ မီးအလှဆင်ထားသည့် LED လိုဏ်ခေါင်းများဖြင့် အရောင်အသွေးစုံညီစွာအလှအပများကို ကြည့်ရှုခံစားကြသူများ၊ အမှတ်တရဓာတ်ပုံရိုက်ကူးကြသူများ၊ မြူးကြွသည့် ဂီတသံစဉ်တီးခတ်မှုများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို စိတ်ပျော်ရွှင်စွာဖြင့် ကြည့်ရှုကြသူများ၊ ဈေးရောင်းပွဲတော်များတွင် ဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ပြီး မီးထွန်းပွဲတော်သို့လာရောက်လည်ပတ်ကြသူများမှာ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**















သတင်း-စာမျက်နှာ ၈



















# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး (Talk Show) ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် Community Centre ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး(Talk Show)ကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မေးမြန်းရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)အလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးက မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံနှင့်တိုင်းရင်းသား လူမျိုးတွေပေါ် ကျရောက်နေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် တိုင်းရင်းသားလူမျိုးတွေပေါ် ကျရောက်နေတဲ့ မူးယစ်ဆေးဝါး အန္တရာယ်တွေကို ဖက်ပေါင်းစုံကနေ ပါဝင်တိုက်ခိုက်ရန်၊ ဆေးဖျက်ပြီးသားလူတွေ ဆေးပြန်လည်သုံးစွဲမှုမပြုစေရန်၊လူမှုရေးနည်းလမ်းတွေနဲ့ နောက်ဆက်တွဲကာကွယ်စောင့်ရှောက်သွားရန်၊ မူးယစ်ဆေးသုံးစွဲနေတဲ့ လူငယ်တွေရဲ့ ဆုံးရှုံးနေတဲ့ ခွန်အားတွေကို နိုင်ငံအတွက် အကျိုးပြုလုပ်ငန်းတွေကို ပြန်လည်ဆောင်ရွက်နိုင်ရန်၊မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသင်းမှာလုပ်ငန်းစဉ် ငါးခုရှိကြောင်း၊မူးယစ်ဆေးအန္တရာယ်ဟာ အလွန်အန္တရာယ်ရှိသောကြောင့် လူငယ်တွေအနေနဲ့ မသုံးစွဲသင့်ကြောင်း၊မိဘပြည်သူများနေဖြင့်လည်း မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးအသင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သင့်ကြောင်းစသည်များ ပြောကြားခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

(၀၅၆)

# ယာဉ်မတော်တဆမှုဖြစ်ကာ သစ်ပင်ဝင်တိုက်မှု ဖြစ်ပွား

**ကံမ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ ကြို့ပင်ကျေးရွာအနီး၊ ပုသိမ်-မုံရွာသွားကားလမ်း၊မိုင်တိုင်အမှတ်(၁၅၄/၂)နှင့် (၁၅၄/၃)ကြားတွင် မော်တော်ယာဉ်မတော်တဆမှုဖြစ်ပြီး အမျိုးသား သုံးဦးထိခိုက်ဒဏ်ရာများရရှိမှု အောက်တိုဘာ ၁၄ရက် ည ၁၀ နာရီ ၂၅မိနစ်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး××××××မောင်းနှင်ပြီး အမျိုးသားနှစ်ဦး လိုက်ပါလာသော SIJEN အဖြူရောင်မော်တော်ယာဉ်သည် ပုသိမ်-မုံရွာကားလမ်းအတိုင်း မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၅၄/၃)အနီးတွင် ယာဉ်မတော်တဆဖြစ်ကာ အရှိန်လွန်ပြီး လမ်းဘေးသစ်ပင်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်တိုက်မှုဖြစ်ရာသို့ ကံမမြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ ကြို့ပင်နယ်မြေမီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာများရရှိသူ အမျိုးသား သုံးဦးအား ကြို့ပင်တိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(၀၅၇)

# ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၈

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ငွေကြေးကောက်ခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်နေ့မှစတင်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့များပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း၊ ပြည်သူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များမှ မနာလို၊ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၈

မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက် ၅၈ လမ်း၊ ၄၁ x ၄၂ လမ်းကြားတွင် မခွန်မိုင် မောင်းနှင်လာသည့် SUZUKI SWIFT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၂၉၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်နွံ့ကျေးရွာအနီးတွင် အားဟူမောင်းနှင်ပြီး အားထေ့လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရေနံချောင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရန်အတွက် လူငယ် ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီက




အောက်တိုဘာလအတွင်းစတင်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် လူငယ် ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရေနံချောင်းမြို့နယ်အတွင်း စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေနံချောင်းမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို ရေနံချောင်းမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ တိကျစွာလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုဖြင့်တက်စေရန်၊ ရေနံချောင်းမြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။



## အသင်းခွဲ အသင်းထောက်အသစ် ဖွဲ့စည်းတာဝန်ပေး

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကအဖြစ် ဦးစီးဆောင်ရွက်နေသည့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း၏ ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာထွန်းကားပြန့်ပွားစေရန်နှင့် အထောက်အကူရရှိစေရန် အသင်းခွဲ အသင်းထောက်အမှတ် (၃၄၈)အား အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ အသင်းခွဲတည်ရှိရာ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်ရှိ စန္ဒာရွှေပြည်မဏ္ဍာရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အသင်းကော်မတီဝင်ဦးယုတင်က အသင်းကော်မတီဝင်များနှင့် အသင်းခွဲ အသင်းထောက်မှ တာဝန်ရှိသူတို့အား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် အသင်းကြီး ဥက္ကဋ္ဌကိုယ်စား အသင်းကော်မတီဝင် ဦးစိုးဝင်းမောင်က အသင်းကြီး၏ လုပ်ငန်းအခြေအနေအား ဆက်လက်ဆွေးနွေးတင်ပြပြီး အသင်းကြီးမှ အသင်းဖွဲ့စည်းခြင်းနှင့် အသင်းတာဝန်ပေး ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းကော်မတီဝင် မမိက အသင်းတာဝန်ရှိသူအား ပေးအပ်သည်။ ထို့နောက် အသင်းခွဲအမှတ်(၃၄၈)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြော၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၄၉)

## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူး လေးသိန်းကျော် ဝင်ရောက်



**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင်လုံး ဘုရားဖူးလာသူများဖြင့် စည်ကားများပြားလျက်ရှိကာ နေ့ချင်းပြန် ဘုရားဖူးများနှင့်ဟိုတယ်၊ မိုတယ်၊တည်းခိုခန်းများတွင်တည်းကာ ဝင်ရောက်လာသည့် ဘုရားဖူးခရီးသွားများ များပြားလျက်ရှိကာ ယနေ့တစ်ရက်တည်းတွင်ပင် လေးသိန်းကျော် လာရောက်ဖူးမြော်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ပုဂံရုံးခွဲတာဝန်ရှိသူများထံက သိရသည်။ **(အပေါ်ယာပုံ)**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သာမန်ရက်များတွင်ပင် ဘုရားဖူး၊ လေ့လာရေးလာရောက်သူများပြားလျက်ရှိရာ သီတင်းကျွတ် ကျောင်းပိတ်ရက်များတွင် နေ့ချင်းပြန်ဘုရားဖူးဧည့်သည်များ၊ နှစ်ည သုံးညအိပ်မိသားစု ဘုရားဖူးများ၊ မိတ်ဆွေအပေါင်းများဖြင့် လာရောက်သည့် ဘုရားဖူးဧည့်သည်များဖြင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သမိုင်းအထင်ကရဘုရားများ၊ နံရံဆေးရေးပန်းချီများပြားစွာ ကျန်ရှိနေသေးသည့် ဘုရားများ၊ ရှုခင်းအလှဓာတ်ပုံရိုက်လို့ကောင်းသည့် ဘုရားများတွင် ဘုရားဖူး လေ့လာရေးလာရောက်သူ သိန်းချီ ဝင်ရောက်လျက်ရှိသည်။ သမိုင်းအထင်ကရ ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဓမ္မရံကြီး၊ အာနန္ဒာဘုရားကြီး၊ စူဠာမဏိဘုရား၊ မဟာဉက်ပစ်တောင်ဘုရား၊ ကျောက်ကူဥမင်၊မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနုဟာဘုရား၊ ပြာသာဒ်ကြီးဘုရား၊ ဓမ္မရာဇကဘုရား၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် သဗ္ဗညုဘုရားကြီးတို့တွင် ကားများ၊ မီနီအိုးဝေများ၊ အီးဗိုက်များ၊ မြင်းလှည်းရပ်သည့်ကွင်းများတွင် ပြည့်နေသည်အထိ ဘုရားဖူးများ များပြားလျက်ရှိနေပြီး ဝိနည်းဓိုလ်ဘုရားစု၊ ဆင်ဖြူရှင် အုတ်ကျောင်း၊ ရင်မနားဘုရားစု၊ ခေမင်္ဂဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရားစု၊ ရွှေနန်းရင်တောအုတ်ကျောင်းတိုက်ဘုရားစု၊ မင်းအိုချမ်းသာဘုရား၊ မြေဘုံသာဘုရားစု၊ လောကထိပ်ပန်ဘုရား၊ လောကအုတ်သျှောင်ဘုရား၊ ကုန်းတော်ကြီးဘုရား၊ နရသီဟပတေ့ဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ သမုတိဘုရား၊ ကုသဘုရား၊ တောင်တဝက်ဂူဘုရား၊ ဝတ္တနတောဘုရားစု၊ ရှင်ဘို့မယ်အုတ်ကျောင်း၊ ဥပါလိသိမ်၊ သိကြားပုန်းဘုရား၊ သိကြားဟစ်ဘုရား၊ ရွှေလိပ်တူးဘုရား တို့တွင်လည်း ခရီးသွားဘုရားဖူးများဖြင့် စည်ကားလျက်ရှိကာ ညောင်ဦးမြို့အတွင်း ရောင်းချလျက်ရှိသည့် ထမင်းဆိုင်များ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ လက်အလှပန်းချီဆွဲသူများ၊ မြင်းလှည်း၊ အီးဗိုက်၊ မီနီအိုးဝေ၊ ကားအငှားလိုက်သူများ တစ်နေကုန်လိုက်နေရခြင်းကြောင့် အလုပ်အကိုင်များကောင်းကာ ဝင်ငွေတွက်ခြေ ကိုက်လျက်ရှိသည်။ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင်လည်း တည်းခိုသူများဖြင့် ပြည့်လျက်ရှိသည်။ ရပ်ဝေးမှလာသည့် ဘုရားဖူးခရီးသွားများ ဟိုတယ်၊ တည်းခိုခန်းမရခြင်းကြောင့် ရောက်ပြန်၊ ပြန်သွားရသည်များလည်းရှိကြောင်း၊ နေ့ချင်းပြန်ဘုရားဖူးခရီးသွားများလည်း အလွန်များပြားနေခြင်းဖြစ်ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားဖူးများအား သမိုင်းအထင်ကရဘုရားများတွင် စတုဒိသာကျွေးသူများဖြင့် စည်ကားလျက်ရှိသည်။ ဘုရားဖူးများ သီတင်းကျွတ်လပြည့်နေ့တွင် လေးသိန်းကျော်ဝင်ရောက်ခဲ့ကြောင်း၊ နေ့ချင်းပြန် ဘုရားဖူးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် တည်းသည့် ဘုရားဖူးများနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင်တည်းရန် အခန်းမရသည့် ဘုရားဖူးများလည်း များပြားလျက်ရှိကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခွင်လုံး ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး ညနေပိုင်းတွင်လည်း ပုဂံနေဝင်ဆည်းဆာကြည့် တောင်ကုန်းများပေါ်တွင် နေဝင်ဆည်းဆာကြည့်ရှုကြရန် ဘုရားဖူးခရီးသွားများဖြင့် ပြည့်နေကြောင်း သိရသည်။

(၄၈၁)

## စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်လှစ် ထူးချွန်သူများအား ဆုများ ချီးမြှင့်



**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ယမန်နေ့နံနက်ပိုင်းက "ဝါသီးနှံအထွက်နှုန်း၊ အရည်အသွေးတိုးတက်မြင့်မားရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း" ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ခဲ့သည်။

သင်တန်း၌ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူး ဦးဝင်းထိန်က ဝါသီးနှံသည် နိုင်ငံတော်၏ မူဝါဒအရ အရေးကြီးသောသီးနှံဖြစ်ကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များအား စနစ်တကျလေ့လာသင်ယူသွားရန် အရေးကြီးကြောင်း၊ သင်တန်းသားများအနေဖြင့် ဝါသီးနှံနှင့်စပ်လျဉ်း၍ စာတွေ့၊ လက်တွေ့ကျွမ်းကျင်အောင် လေ့လာသင်ကြားသွားပြီး တောင်သူများ၏ ဝါအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အထောက်အကူပြုနိုင်ရေး နည်းပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်း၌ ဝါသီးနှံနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်း ဝါမျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့်၊ ပိုးမွှားနှင့်ကာကွယ်နှိမ်နင်းနည်းများ၊ ဝါပင်အတွက် အရေးကြီးသော အာဟာရဓာတ်များနှင့် ဝါသီးနှံရေကြီးနစ်မြုပ်ခဲ့ပါက ပြန်လည်ကုစားရမည့်နည်းလမ်းများစသည့် ဘာသာရပ်များအား စာတွေ့သင်ကြားပို့ချခဲ့ပြီး ဝါစိုက်ခင်းများ၌ ဝါသီးနှံမျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားမှတ်တမ်းကောက်ယူခြင်း၊ ဝါအထွက်နှုန်းခန့်မှန်းတိုင်းတာခြင်း၊ မျိုးကူးစပ်ခြင်းများနှင့် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော Bt gene ပါဝင်မှုရှိ၊ မရှိ စစ်ဆေးခြင်းတို့အား လက်တွေ့သင်ကြားခဲ့ကြောင်းနှင့် သင်တန်းအပြီးတွင် ဆန်းစစ်စာမေးပွဲ ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (၄၈၅)

## ၂၀၂၄ ခုနှစ် နိုင်ငံတကာ ဝါးနှင့်ကြိမ် ဓာတ်ပုံပြိုင်ပွဲ မြန်မာနိုင်ငံမှ ပထမဆု နှစ်ဆုရရှိ

**မန္တလေး အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ INBAR ကွန်ဖာ၏မှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာ ဝါးနှင့်ကြိမ် ဓာတ်ပုံ ပြိုင်ပွဲဖိတ်ခေါ်ခဲ့ရာ နိုင်ငံတကာမှ ဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ဆုရရှိသူများ စာရင်းကို အောက်တိုဘာ ၁၇ ရက်၌ အွန်လိုင်းမှ ကြေညာခဲ့ရာ (၁) ပလတ်စတစ်အစားထိုးအဖြစ် ဝါးနှင့်ကြိမ် ခေါင်းစဉ်တွင် ပထမဆုကို မြန်မာနိုင်ငံမှ မြတ်ဇော်ဟိန်းက "ဝါးဖြင့် ဆံထုံးယွန်းထည်" ပြုလုပ်နေပုံဖြင့် ရရှိပြီး ဒုတိယဆုကို အင်ဒိုနီးရှားနိုင်ငံမှလည်းကောင်း တတိယဆုကို ဖိလစ်ပိုင်နိုင်ငံမှလည်းကောင်း ရရှိကြသည်။ (၂) ပလတ်စတစ်အစားထိုးအဖြစ် ဝါး၊ ကြိမ်နှင့်ပတ်သက်သော စက်မှုသို့မဟုတ် လက်မှုပညာ ဆိုင်ရာတီထွင်ဆန်းသစ်မှုများ ခေါင်းစဉ်တွင် ပထမဆုကို အီတလီနိုင်ငံမှလည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုကို အိန္ဒိယနိုင်ငံမှလည်းကောင်း ရရှိကြသည်။ (၃) ဝါးနှင့်ကြိမ်၏ အသိုက်အဝန်း သက်ရောက်မှုခေါင်းစဉ်တွင် ပထမဆုကို မြန်မာနိုင်ငံမှ အောင်ကျော်ဇောက "ဝါး စိုက်ပျိုးခြင်း"ဖြင့်လည်းကောင်း၊ ဒုတိယဆုကို ဖိလစ်ပိုင်နိုင်ငံမှလည်းကောင်း၊ တတိယဆုကို မြန်မာနိုင်ငံမှ မိုးဝေက ဝါးဗိသုကာအဆောက်အအုံဖြင့်လည်းကောင်း ရရှိကြသည်။

ဆုကြေးငွေမှာ တစ်ကဏ္ဍလျှင် ပထမဆု အမေရိကန်ဒေါ်လာ ၅၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၃၀၀၊ တတိယဆုအမေရိကန် ဒေါ်လာ ၂၀၀ စီ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်သည်။

ဆုရရှိသော ဓာတ်ပုံများကို International Bamboo and Rattan Organization INBAR Face Book တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၉၁)

## မုံရွာမြို့၌ သီတင်းကျွတ် ဆီမီး ၅၀၀၀ ပူဇော်ပွဲ ကျင်းပ



**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ရွှေစည်းခုံစေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၅၀၀၀ ပူဇော်ပွဲကျင်းပရာ အထူး စည်ကားခဲ့သည်။

သီတင်းကျွတ်ဆီမီးပူဇော်ပွဲ အခမ်းအနားကို သာသနာ့ဗိမာန်တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ပင့်သံဃာ ၂၇ ပါးထံသို့ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေစည်းခုံစေတီတော် ရင်ပြင်တော်ပေါ်တွင် ဒေသခံပြည်သူများသည် ဆီမီးထွန်းညှိပူဇော်ခဲ့ကြပြီး ဧည့်ပရိသတ်များကို စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။

သီတင်းကျွတ်ဆီမီးပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်၍ မုံရွာမြို့တွင် ပထမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ရွှေစည်းခုံဘုရားကြီးနှင့်အတူ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးနှင့် ကန်သာယာမြို့ရာပြည့်ကပ်ကျော်စေတီတွင် ဆီမီးပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)



## (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်လုံးလောင်းလှူ ရေစက်ချပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ မန္တလေးတောင်ခြေရှိ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၏ (၁၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းကြီးလောင်းပွဲနှင့် ရေစက်ချပွဲကို ယနေ့ နံနက် ၇ နာရီက အဆိုပါဘုရား ရင်ပြင်တော်တွင် ကျင်းပသည်။

အဆိုပါ ဆွမ်းကြီးလောင်းပွဲသို့ ပင့်သံဃာတော် ၁၂၅ ပါး ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အိမ်ရှေ့စံ ကနောင်မင်း၊ စကုမင်းသား၊ မလွန်မင်းသား၊ ပြင်စည်မင်းသားတို့၏ ဆွေတော်မျိုးတော်များ တက်ရောက်ကြည်ညိုကြပြီး သံဃာတော်များအား ဆွမ်းသပိတ်လုံးနှင့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံ သာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ခင်မကန်တိုက်ဆရာတော် ဘဒ္ဒန္တသုဇနထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်တို့ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း(သစ္စာစေတနာ)က ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဩဝါဒါစရိယဆရာတော် မန္တလေး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသလ္လထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချတရားနာယူကြကြောင်း သိရသည်။ (အပေါ်ပုံ) (၀၉၃)

## မိုင်းယောင်းမြို့နယ်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသက်ဆွေသည် နံနက် ၈ နာရီခွဲတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်၊ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူးဦးလောထွေး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၅ ဦးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား စုစုပေါင်းအင်အား ခြောက်ဦးဖြင့်လည်းကောင်း ကျင်းပသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသက်ဆွေသည် နံနက် ၁၁ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်အား သီတင်းကျွတ်ရှိခိုးကန်တော့ကြသည်။ အလားတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုထမ်းများက ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ခိုင်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းသန့်ဇင်မျိုးတို့ကို သီတင်းကျွတ်ရိုးရာကန်တော့ခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသက်ဆွေသည် ညနေ ၅ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဒေါ်မျိုးအေးချိုနှင့်အတူ ပါဟုတ်ကျေးရွာအုပ်စုနှင့် ဝမ်အင်ကျေးရွာအုပ်စု အုပ်စုစာရေး၏ဇနီး မီးဖွားမှုအား သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်၊ ရွာသစ်ရပ်၊ ရွာသစ်ရပ်လူငယ်နှင့် အကျိုးဆောင်များအဖွဲ့က ဦးဆောင်၍ သတ္တမအကြိမ်မြောက်သက်ကြီးပူဇော်ပွဲကို ရွာသစ်ရပ်တန်ဆောင်း၌ အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာတက်ရောက်လာသော အဘိုးအဘွားများနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခြင်း၊ သက်ရှည်အဘိုးနှင့် အဘွားနှစ်ဦးအား ဂါရဝပြုလက်ဆောင်ပေးအပ်ခြင်း၊ ဆုံးမဩဝါဒပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ရွာသစ်ရပ်လူငယ်နှင့် အကျိုးဆောင်များအဖွဲ့ ဦးမောင်မောင်တူးက ပူဇော်ကန်တော့ပွဲ အောင်မြင်အောင် အဘက်ဘက်က ကူညီသော အလှူရှင်များအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ရွာသစ်ရပ်လူငယ်နှင့် အကျိုးဆောင်များအဖွဲ့မှ သက်ကြီးအဘိုး၊ အဘွား ၁၂၃ ဦးအား ငွေနှင့်ပစ္စည်းတို့အားလည်းကောင်း၊ပဒေသာပင်များအား မဲဖောက်၍ ကန်တော့ခဲ့သည်။ (အပေါ်ပုံ)

နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပခဲ့ရာ ယခု(၇)ကြိမ်ရှိပြီဖြစ်ပြီး အဘိုး၊ အဘွား ၁၂၃ ဦးအား ငွေနှင့်ပစ္စည်းများ ကန်တော့ကြကြောင်း သိရသည်။ (၄၇၂)



## ဆီထွက်သီးနှံ နှမ်း ဧက ၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**မင်းဘူး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နှမ်းကို ၂၃၂၀၆ ဧက လျာထားပြီး စိုက်ပျိုးသွားမှာဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် ဆီထွက်သီးနှံအနေနဲ့ နှမ်းကို ၂၃၂၀၆ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပြီး ရေများပေးဝေမှုတွင် အိုင်းမဆည်မှ ဧက ၁၅၃၀၀၊ ကမ်းနီ ဆိုလာလျှပ်စစ်စီမံကိန်းမှ ဧက ၃၅၀၊ ကျောက်စံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဧက ၄၀၀ နှင့် မြေအောက်ရေတူးဖော်စုပ်တင်ခြင်းလုပ်ငန်းမှ ၅၆၅၆ ဧက ဖြစ်၍ စုစုပေါင်း ၂၃၂၀၆ ဧက စိုက်ပျိုးရန် လျာထားသည်။

ကမ်းနီ၊ ကျောက်တန်း၊ ကျောက်စံ၊ စကုတို့အပြင် ဆည်ရေနှင့် မြေအောက်ရေ ရရှိသည့်နေရာများတွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးရာသီစိုက်ပျိုးနိုင်ပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား သင်တန်းများပေးခြင်း၊ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပေးခြင်းများဖြင့် အထွက်နှုန်းများ တိုးတက်လာမှာဖြစ်ကြောင်း မင်းဘူးမြို့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးဦးဇော်မင်းသူထံက သိရသည်။


(ယာပုံ) (၅၀၄)



# ကျောက်တော်ကြီး ဘွဲ့မည်ရ ရှေးဟောင်းဘုရားနှစ်ဆူ

**မြန်မာနိုင်ငံ၏ ခေတ်များကို သုံးသပ်ကြည့်လျှင် ပျူခေတ်၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ ယနေ့ ပြည်ထောင်စုခေတ်ဟူသော ခေတ် ၅ ခေတ်သည် မြန်မာ့သမိုင်း၏ စည်းလုံးခဲ့သည့် ခေတ်များဖြစ်သည်။ အနီးစပ်ဆုံးသော ကုန်းဘောင်ခေတ်တွင်လည်း အုပ်ချုပ်သူမင်းအဆက်ဆက်နှင့် တိုင်းရင်းသားပြည်သူတို့သည် ဗုဒ္ဓဘာသာ သာသနာအတွက် ဘုရားတည်၊ ကျောင်းဆောက်ကုသိုလ်များဖြင့် အထောက်အပံ့များစွာ ပြုခဲ့ကြသည်။**





မန္တလေးသားစာရေးသူအနေဖြင့် အမရပူရသည် အိမ်ဦးနှင့် ကြမ်းပြင်ပမာဖြစ်နေသည်။ အမရပူရသည် ဗဒုံမင်း(ဘိုးတော်ဘုရား) မြို့တည်နန်းတည်ခဲ့သောကြောင့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ ပေါများသဖြင့် သမိုင်းလက်ကျန်များတူးဆွလို၍ စိတ်ကူးပေါက်တိုင်း သွားရောက်လေ့ရှိသည်။ အမရပူရမြို့ခံ စာရေးဆရာ၊ ကဗျာဆရာများနှင့်တွေ့ဆုံပြီး စာပေအကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအကြောင်းတို့ကို ပြောဆိုဖြစ်သည်။

တောင်သမန်အင်းစောင်းက Shine 3 လက်ဖက်ရည်ဆိုင်နှင့် မည်စည်တန်း(မယ်ဇယ်တန်း)က Shine 2 လက်ဖက်ရည်ဆိုင်သည် အတိတ်နှင့် ပစ္စုပ္ပန်အကြောင်းများကို ဆွေးနွေးရာ၊ ဖော်ထုတ်ရာ၊ မှတ်သားမိသမျှ ဖလှယ်ကြရာ၊ ကွန်းသာရာ ဖြစ်ခဲ့သည်။ 'စကားစကားပြောပါများတော့ စကားထဲက ဓာတ်ပြ'ကြပြီး မြေမြုပ်နေသော သမိုင်းအစအနများကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုအစအနများထဲမှ ပြည့်စုံအောင် ဖြည့်ဆည်းပေးမည့်သူများကိုလည်း ကြိုဆိုပါသည်။

အမရပူရနှင့်ပတ်သက်၍ ပြောမည်ဆိုလျှင် လက်နှစ်ဖက်ပေါင်း လက်ချောင်းတော် ၁၁ ချောင်းရှိသော ဗုဒ္ဓဆင်းတုတော်များကို အမရပူရနယ်ခံ ဆရာဟန်ကိုဇင်နှင့် ဆရာလူပြာထက်တို့ ကျေးဇူးဖြင့် ငါးဆူထိ ဖော်ထုတ်နိုင်ခဲ့သည်။ ထိုဆရာနှစ်ဦးအကူအညီဖြင့် ရေးသားခဲ့သော တောင်သမန်ဦးပိန်တံတားနှင့် ဖွားဖက်တော် တံတား ငါးစင်း၊ နှစ်ဆောင်ပြိုင်ဇရပ် စသည့် ဆောင်းပါးတို့သည် အမရပူရမှ လူသိနည်းသော သမိုင်းအစအနများ ဖြစ်သည်။ မြေပြင်ကွင်းဆင်း၍ ပင်ပန်းခြင်းများဖြင့် ရေးသား တင်ပြနိုင်ခဲ့ရာ ကျေနပ်ပီတိဖြစ်ရပါသည်။ ကူညီပေးကြသော အမရပူရမှ ဆရာ ဦးစိန်မောင်ဦးက ရက်လရှည်ကြာ ငှားရမ်းပေးသော အမရပူရမြို့နယ် မှတ်တမ်း-၁၉၈၂ စာအုပ်သည်လည်း များစွာအထောက်အကူပြုခဲ့သည်။

### ကျောက်တော်ကြီးဘုရား နှစ်ဆူ

မန္တလေးဝန်းကျင်တွင် ရှေးမင်းများ အသိအမှတ်ပြုပြီး လူအများပါးစပ်ဖျားက ကျောက်တော်ကြီးဘုရားဟု ပညတ်အမည်ခေါ်ဆိုကြသည်မှာ နှစ်ဆူသာရှိကြောင်း ဆရာလူပြာထက်က ဖောက်သည်ချလာသည်။ အမရပူရ၊ တောင်သမန်ဦးပိန်တံတားအရှေ့ဘက်မှ ကျောက်တော်ကြီးဘုရားနှင့် မန္တလေးတောင်ခြေမှ ကျောက်တော်ကြီးဘုရားတို့ဖြစ်သည်။ မြန်မာနှစ် ၁၃၈၆ခုနှစ်၊သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ ဘုရားပွဲရက်ရှည်ကျင်းပသည့် မန္တလေးတောင်ခြေက မင်းတုန်းမင်းကုသိုလ်တော် ကျောက်တော်ကြီးဘုရားပွဲနှင့် တိုက်ဆိုင်သဖြင့် ကျောက်တော်ကြီးဘုရား နှစ်ဆူကို မှတ်တမ်းပြုလိုက်ပါသည်။

ဗုဒ္ဓဆင်းတုရုပ်ပွားတော်များကို စကျင်ကျောက်ဖြင့် ထုလုပ်ခြင်း၊ ကြေးသွန်းထုလုပ်ခြင်း၊ အုတ်ဖြင့် ထုလုပ်ခြင်း၊ သစ်သားဖြင့် ထုလုပ်ခြင်းတို့အပြင် တိုးတက်လာသည့်ခေတ်နှင့်အညီ နည်းအမျိုးမျိုးဖြင့် ထုဆစ်၍ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကိုရည်မှန်းကာ သက်တော်ထင်ရှားရှိသကဲ့သို့ ကိုးကွယ်ပူဇော်ကြသည်။ မတ္တရာမြို့နယ်၊ စကျင်တောင်မှထွက်ရှိသော စကျင်ကျောက်သည် သယံဇာတတန်းဝင်ဖြစ်သည့်အားလျော်စွာ ထိုစကျင်ကျောက်ဖြင့် ထုဆစ်၍ ကြီးမားသော ဉာဏ်တော်အမြင့် ထုလုပ်ကိုးကွယ်ကြသည်။

ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့ မျက်မှောက်ကာလထိ စကျင်ကျောက်ဖြင့် ဉာဏ်တော်မြင့်မားသော ဗုဒ္ဓဆင်းတုရုပ်ပွားတော်များ ထုဆစ်ပြီး ပြည်သူ၊ ပြည်သား လူအများတို့ အကျိုးစီးပွားအတွက် တည်ထားကိုးကွယ်မှုပြုကြသည်။ မူလဘွဲ့အမည်နာမကို လူသိနည်းပြီး ကျောက်တော်ကြီးဘုရားဟု အများသိသော ဘုရားနှစ်ဆူမှာ မန္တလေးနှင့် အမရပူရတွင် ဖူးမြော်နိုင်ပါသည်။

### မန္တလေးက ကျောက်တော်ကြီးဘုရား

မန္တလေးနန်းတော် ကျုံးမြို့ရိုးအရှေ့မြောက်ဘက်၊ မန္တလေးတောင်ခြေတွင်ရှိပြီး ရတနာပုံ (မန္တလေး) မြို့တည်၊ နန်းတည် မင်းတုန်းမင်းကုသိုလ်ဖြစ်၍ နှစ်ပေါင်း ၁၅၉ နှစ်ရှိပြီဖြစ်သော ရှေးဟောင်းကျောက်သားဆင်းတု ရုပ်ပွားတော်တစ်ဆူဖြစ်သည်။ ရုပ်ပွားတော်ထုဆစ်မည့် စကျင်ကျောက်ကို မန္တလေးမြို့ မြောက်ဘက် မိုင် ၂၀ ကျော်တွင်ရှိသော စကျင်တောင်မှ မြန်မာနှစ် ၁၂၂၆ ခုနှစ် ဝါခေါင်လတွင် ရုပ်ပွားတော်ပုံကြမ်းထွင်းထု၍ ပင့်ဆောင်ခဲ့သည်။

ပင့်ဆောင်စဉ်က သမ္ဘန် နှစ်စင်းတွဲဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ခရီးတစ်လျှောက် ပွဲသဘင် အတီးအမှုတ်၊ အကအခုန်များနှင့် စုန်ဆင်းခဲ့ရာ နန်းတော်အနောက်ဘက်ယွန်းယွန်းမှ အီကင်းရွာ (ယခု မင်းတဲအီကင်းရပ် ဖြစ်နိုင်သည်)သို့ လပြည့်ကျော် ၂ ရက်နေ့တွင် ရောက်ရှိသည်။ ထိုမှတစ်ဆင့် မန္တလေးတောင်ခြေမှ သုဓမ္မာဇရပ်အနီးသို့ စွပ်ဖားနှင့် ဒလိမ့်တုံးများအသုံးပြု ပင့်ဆောင်သည်။ တန်ဆောင်မုန်းလဆန်း၂ ရက်တွင် ပလ္လင်တော်သို့ ရောက်ရှိစံပယ်သည်။ တပေါင်းလတွင် မျက်နှာတော် ချန်လှပ်ပြီး ထုလုပ်ပြီးစီး၍ မျက်နှာတော် အချောဖွင့်ကာလတွင် မင်းတုန်းမင်းကိုယ်တိုင် ကြည့်ရှုသည်ဟု ဆိုပါသည်။

၁၂၂၇ ခုနှစ်၊ ကဆုန်လတွင် အလုံးစုံပြီးမြောက်၍ မျက်နှာတော်ဖွင့်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ကဆုန်လပြည့်ကျော် ၇ ရက် နံနက် တစ်ချက်တီးကျော်၌ အရှင်နှစ်ပါးထွက်တော်မူကာ မင်းတုန်းမင်းကိုယ်တိုင် ရွှေစုတ်တော်ဖြင့် မျက်ရေးတော် စသည့် လက္ခဏာများကို ရွှေမင်ဖြင့် ရေးဖွင့်တော်မူပြီး '**မဟာသကျမာရဇိန်**'ဟု ဘွဲ့တော်ပေးသည်။ ကျောက်တော်ကြီး ဘုရားစနစ်တော်မှာ ထက်ဝယ်တော် အပြန့် ၁၂ တောင်၊ အဝန်း ၂၈ တောင်၊ ၂ မိုက်၊ ၄ သစ်၊ ခါးတော်အဝန်း ၁၀ တောင်၊ ၂ မိုက်၊ လေးသစ်၊ ရင်ဖွင့်တော် ပုခုံးစွန်း ဝဲ၊ ယာ အကျယ် ၈ တောင်၊ ဦးခေါင်းတော်အဝန်း ၁၃ တောင်၊ စမ္မခဏ်မှသည် ရောင်လျှံတော်ဖျားထိ အမြင့် ၁၇ တောင်၊ တစ်မိုက်၊ ၄ သစ် ဖြစ်သည်။

### အမရပူရက ကျောက်တော်ကြီးဘုရား

အမရပူရ၊ တောင်သမန် ကျောက်တော်ကြီးဘုရားမှာ '**မဟာသကျရံသီ**'ဟု ဘွဲ့မည်ရ၍ အမရပူရ၊ တောင်သမန်တံတားအရှေ့ဘက်တွင် တည်ရှိ၍ တောင်သမန်-ကျောက်တော်ကြီးဟု အမည်တွင်ပါသည်။ ဘုရားဒါယကာမှာ နှစ်ဦးဖြစ်သည်။ ပထမ ဘုရားဒါယကာမှာ အမရပူရမြို့တည် ဗဒုံမင်း၏ မြေးတော်စပ်သူ စစ်ကိုင်းမင်းဖြစ်၍ မြို့တော်အင်းဝတွင် တည်ထားကိုးကွယ်ခဲ့သည်။ ကျောက်တော်ကြီးရုပ်ပွားတော်ကို အချိုးအစားစနစ်ကျရန် ကိုယ်တော်တိုင် ပုံစံထုတ်ပေးသည်။ ဉာဏ်တော်အမြင့် ၁၁ တောင်၊ ၂ မိုက်၊ ၄ သစ် ဖြစ်သည်။ ညီတော် ပုဂံမင်းလက်ထက်၌ ကျောက်တော်ကြီး ရုပ်ပွားဆင်းတုတော်မှာ ပျက်စီးမှုရှိသဖြင့် အမရပူရမြို့တော်သို့ ပင့်ဆောင်ကိုးကွယ်ရန် အကြံဖြစ်သည်။

ပုဂံမင်းသည် မြန်မာနှစ် ၁၂၁၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်တွင် ယနေ့ ဖူးမြော်ရသည့်နေရာ၌ ပင့်ဆောင်ကိုးကွယ်ရန် အုတ်မြစ်ချသည်။ ဘိုးတော် ဗဒုံမင်းလက်ထက်က သံတမန်များ တည်းခိုရာ သံတဲ၏အစွန်ဘက်(တောင်သမန်ဦးပိန်တံတားအရှေ့ဘက်)တွင်ဖြစ်သည်။ ၁၂၁၁ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်တွင် ကျောက်မော်မြို့စားနှင့် ပန်းပဲဝန်တို့က မဟာသကျရံသီရုပ်ရှင်တော်မြတ်(ကျောက်တော်ကြီးဘုရား)ကို အင်းဝမှ အမရပူရသို့ ပင့်ဆောင်သည်။ သီတင်းသုံး စံတော်မူမည့် လိုဏ်ဂူတော်တည်ဆောက်မှုမှာ မြန်မာနှစ် ၁၂၁၂ ခုနှစ်၊ သီတင်းကျွတ်လတွင် ပြီးစီးသည်ဟု သိရသည်။

ဂန္ဓကုဋီလိုဏ်မှာ ပုဂံအာနန္ဒာဘုရား လိုဏ်ပုံစံကို နမူနာယူထားပြီး ပန်းပဲအတွင်းဝန်၊ သတိုးမင်းကြီး မင်းလှကျော်သူက တာဝန်ယူဆောင်ရွက်ရသည်။ မန္တလေးမြို့မှ ပုဂံမင်းကောင်းမှုဖြစ်သော အိမ်တော်ရာဘုရားကို ကြီးကြပ်တည်ဆောက်သူလည်းဖြစ်သည်။ ရုပ်ပွားတော်ကြီးအား အင်းဝမှ ပင့်ဆောင်စဉ်က ဖောင်တော်ဖြင့် ဒုဋ္ဌဝတီမြစ်အတိုင်း တောင်သမန်အင်း၊ ထိုမှတစ်ဆင့် ဂန္ဓကုဋီတိုက်အတွင်း ပင့်ဆောင်သည်။ ဖောင်တော်ဝင်ရောက်ခဲ့သည့် တောင်သမန်အင်းမှ ဧရာဝတီမြစ်ဘက် ရေထွက်ပေါက်ကို ကျောက်တော်ကြီးပေါက်ဟု ဒေသအခေါ်ရှိကြောင်း သိရသည်။

ဘုရားပရိဝုဏ်ကို တံတိုင်းနှစ်ထပ် ကာရံထားခြင်းမှာ ရှေးဟောင်းဘုရားများ၌ တွေ့ရလေ့ရှိပြီး လိုဏ်ဂူတော်ဝင်ပေါက်နံရံများတွင် နံရံမင်စာများနှင့် နံရံဆေးရေးပန်းချီများ ရှိသည်။ ထိုနံရံပန်းချီများတွင် နက္ခတ်တာရာများ၊ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ လူပျို စသည့် ရုပ်ပုံများ၊ ဘုရားကျောင်းကန်ပုံများ၊ ရေဆိပ်ရေချိုးပုံ၊ ရှင်ပြုအလှူပွဲ အခမ်းအနားပုံများ၊ တောတောင်ရေမြေပုံများ စသည်ဖြင့် စုံလင်စွာတွေ့ရသည်။ မျက်မှောက်ကာလ ၂၀၂၄ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၂၀၀ နည်းပါးရှိပြီဖြစ်သည်။ လောကီအကျိုးအရ အဓိဋ္ဌာန်ဝင်သူများအတွက် အမရပူရမှ ကြီးလေးကြီးဘုရားများတွင် တစ်ဆူ အပါအဝင် ဖြစ်သည်။

မြန်မာတို့သည် နီးစပ်ရာဒေသစွဲဖြင့်လည်းကောင်း၊ ထုဆစ်ပြုလုပ်ရာ အမျိုးအစား၊ အရွယ်ပမာဏတို့ကိုကြည့်၍လည်းကောင်း လွယ်လွယ်ကူကူ ခေါ်ဆိုကြရာက မူလအမည်ပျောက်သွားသည်မှာ များစွာရှိလေသည်။ မြန်မာရှေးဘုရင်များ တည်ထားကိုးကွယ်ခဲ့သည့် မန္တလေးနှင့် အမရပူရမှ ဉာဏ်တော်မြင့်မားပြီး စကျင်ကျောက်သားတော်နှင့် ထုဆစ်ကိုးကွယ်ခဲ့သည့် ဗုဒ္ဓဆင်းတုရုပ်ပွားတော်နှစ်ဆူမှာ ကျောက်တော်ကြီးဘုရား ဟူ၍ ပစ္စုပ္ပန်တွင် အမည်တွင်နေဦးမည်ဟု ဆိုချင်ပါတော့သည်။

**ခိုင်ဆက်ဝေ**



## နယ်စပ်တောင်တန်းဒေသ စုပေါင်းဘုံကထိန် အလှူခံမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

(၁၇)ကြိမ်မြောက် နယ်စပ်တောင်တန်းဒေသ စုပေါင်းမဟာ ဘုံကထိန်တော် အလှူခံမဏ္ဍပ် ဖွင့်ပွဲ အခမ်းအနား အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်ရုံး(မန္တလေး)ရှေ့တွင် ကျင်းပရာ နယ်စပ်တောင်တန်း ဒေသနှင့်ကမ်းရိုးတန်းဒေသ ဆရာတော် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း အသင်းချုပ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်၍ ကထိန်ဖြစ်မြောက်ရေး ကော်မတီဝင်များဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

အခမ်းအနားသို့ ဖိတ်ကြားခံ အသင်းခွဲ အသင်းထောက်များ၊ ကော်မတီဝင်များ၊ အလှူရှင်များ အသီးသီး တက်ရောက်ကြပြီး အသင်းခွဲနှင့်အသင်းဝင်များက လာရောက်ကြသည့် ဧည့်သည်တို့အား စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံကြသည်။ ထို့နောက် အသင်းခွဲ အသင်းထောက်များ၊ ကော်မတီဝင်များက ဆရာတော်ဖြင့် စုပေါင်း အမှတ်တရဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(ဝင့်ဇ)



## (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၁) ရပ်ကွက်ရှိ ရွှေကွန်ချာအုပ် မြတ်စွာဘုရား၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲကို အခမ်းအနားကို အောက်တိုဘာ ၁၇ရက် နံနက် ၆နာရီခွဲက အဆိုပါ ဘုရား ရင်ပြင်ပေါ်ရှိ ဆွမ်းတော်ကြီးလောင်းလှူမည့်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅နာရီခွဲတွင် အလှူရှင်တို့က ဗုဒ္ဓပူဇနီယ ပွဲတော်သို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်တို့အား နံနက်အရုဏ် မုန့်တီဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၁၆၀ကျော်အား သံဃဒါနဆွမ်းတော်ကြီး လောင်းလှူ၍ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို စာရေးတံမဲဖောက် ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ဝဲပုံ)

ထို့နောက် (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲ ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ရွှေကွန်ချာဘုရား သုခချမ်းသာ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များ၊ အလှူရှင်တို့က ရွှေကွန်ချာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တခေမာသီရိအရှင်သူမြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယခုနှစ်တွင် ကျင်းပပြုလုပ်သည့်(၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်နှင့် သံဃဒါနဆွမ်းတော်ကြီး လောင်းလှူပွဲတွင် ငွေကျပ် နှစ်သိန်းသုံးသောင်းရှိ အောင်ဘာလေဆု အပါအဝင် ငွေကျပ်သိန်း ရှစ်ဆယ်ကျော်တန်ဖိုးရှိသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို စာရေးတံမဲဖောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(PNT)

## စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မင်းဘူး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် တောင်မန်းကျေးရွာတွင် ပြည်သူများ စာပေအသိပညာဗဟုသုတ တိုးပွားစေရန်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောက်လုပ်မည့် စာကြည့်တိုက် အဆောက်အအုံပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာရှိ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်မြင် ၊ မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်ဦးတို့က စာကြည့်တိုက် ဆောက်လုပ်မည့်နေရာအား ပန္နက်တိုင်များ စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာကြည့်တိုက် အဆောက်အအုံသစ်အား တာဝန်ယူ ဆောက်လုပ်မည့် အောင်ဖေ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖများကို တွေ့ဆုံ၍ စာကြည့်တိုက် အဆောက်အအုံအား သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် တည်ဆောက်သွားရန် လမ်းညွှန်မှာကြားသည်။

မင်းဘူး(စကု)မြို့နယ် တောင်မန်းကျေးရွာတွင် အကောင်အထည်ဖော်ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၅၀ဖြင့် အလျား ပေ၂၀၊ အနံ ၁၉ပေရှိ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ခြင်း၊ စာကြည့်တိုက် အသုံးအဆောင်ပရိဘောဂ ပစ္စည်းများနှင့် စာအုပ်စာစောင် ဝယ်ယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်ထံက သိရသည်။

(အောက်ပုံ)(၄၄၅)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တူရာသီ

- - - - -

\- တူရာသီ ကျွတ်သီတင်း
လွတ်ကင်းစ မိုးအခါ
အာကာယံ ကောင်းကင်ထက်
လင်းလက်ကြည်ပြာ ၊
လမင်းက ထိန်ထိန်သာ
ဝတီသာ ဝဠာနန်း ၊
မြတ်စူဠာ စေတီမှန်း
မီးပုံးလှူဒါန်း။

\- မီးမြင်းမိုရ် သဘင်ပွဲ
ဆင်နွှဲကြ ပျော်ပျော်ရွှင်
ဆီမီးတွေ ရောင်စုံလင်း
ဝင်းပကြည်လင် ၊
ပေါင်းဖော်များ အတူယှဉ်
ပွဲသဘင် အတူသွား ၊
ပျော်ရွှင်ဖွယ် ဒီချိန်များ
ဝေမျှခံစား ။

\- တို့ရိုးရာ မွေအနှစ်
ချစ်မြတ်နိုး ထာဝစဉ်
ကြီးမြတ်သူ ဦးနှိမ်ချိုး
ရှိခိုး ဦးတင်၊
ထိန်းသိမ်းကြ ခါခါပင်
ရင်မှာလေ မြဲဆပွား
ရနိုင်ဖွယ် ကုသိုလ်များ
မျှဝေစို့လား ။ ။

ဖြိုး(ဓမ္မအလင်း)





# သတင်းပဒေသာ

## ကုသိုလ်ပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် နေထိုင်ကြသောပြည်သူများအနေဖြင့် ဘာသာတရားကို အလေးထားယုံကြည်ကိုးကွယ်ကြသည်နှင့်အညီ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားသွားကျောင်းတက် ကုသိုလ်ပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## မယ်ခေါင်ချောင်းအတွင်းသို့ ဇီဝိတဒါနကုသိုလ်ဖြစ် ငါးလွှတ်ပေးခဲ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်)နေ့တွင် ဇီဝိတဒါနအဖြစ် စုပေါင်းငါးလွှတ်ပွဲအား ယနေ့ နံနက် ၇ နာရီက မယ်ခေါင်ရပ်ကွက်၊ ရွှေဝါနဒီ ပန်းခြံ၌ ကျင်းပခဲ့သည်။

ကုသိုလ်ပြု ဇီဝိတဒါနငါးလွှတ်ပွဲတွင် တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ငါးသားပေါက်များအား ရွှေဝါနဒီပန်းခြံ၊ မယ်ခေါင်ချောင်းအတွင်းသို့ ဇီဝိတဒါနကုသိုလ်ဖြစ် ငါးလွှတ်ပေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ကျိုင်းလတ်မြို့၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ပန်ပဲကျေးရွာရှိ စာကြည့်တိုက်ဆောက်လုပ်မည့်နေရာတွင် ကျင်းပခဲ့သည်။

ကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျပ်သိန်း ၁၅၀ဖြင့် စာကြည့်တိုက်တည်ဆောက်ခြင်း၊ စာအုပ်စာစောင်များဝယ်ယူခြင်း၊ ပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အလျား ၂၀ ပေ၊ အနံ ၁၅ ပေ၊ ဝရံတာ ၄ ပေရှိ (RC)တစ်ထပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဘုရားစေတီများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား

သီတင်းကျွတ်လပြည့်နေ့ စစ်ကိုင်းမြို့ရှိ သမိုင်းဝင်ရာဇမဏိကောင်းမှုတော် စေတီတော်မြတ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဘုရားစေတီများတွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိရာ တောင်ဆင်းလမ်း၊တောင်တက်လမ်းများ ခွဲခြား၍ တာဝန်သိပြည်သူများက ယာဉ်အန္တရာယ်မဖြစ်ပွားရအောင် လမ်းကြောင်းပြသပေးခြင်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လှူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ရှိ မြို့ပေါ် ၆ရပ်ကွက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ နေ့စဉ်တာဝန်ရှိသူများက ကွင်းဆင်းကောက်ယူခဲ့ရာ ပြည်သူများဝိုင်းဝန်းကူညီမှုဖြင့် ရာနှုန်းပြည့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---



## ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းလောင်းပွဲတော် ကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မကျည်းလေးပင်ရပ်၊ သီပေါမင်းတည်ထားကိုးကွယ်ခဲ့သော နံတော်ပေါ်စေတီတော် ဗုဒ္ဓပူဇနီယဘုရားပွဲတော် မဟာသံဃာ့ဒါနဆွမ်းလောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်း၌ နံတော်ပေါ်စေတီတော်ရင်ပြင်တွင် ကျင်းပသည်။

ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၂၊ ၁၃ ရက်တွင် ရပ်ကွက်များမှ ဆွမ်းလောင်းအဖွဲ့များအား ဖိတ်ကြားခြင်း၊ဘုရားဖူးများအား စတုဒိသာများ ကျွေးမွေးကြသည်။

ထို့နောက် လဆန်း ၁၄ရက်နံနက်တွင် သံဃာတော် ၁၅ပါးအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းလုံးနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ယနေ့ နံနက်တွင် မဟာသံဃာ့ဒါနဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

---

# ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ် ပူဇော်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်ရှင်ရပ်ကွက် အနီဃာသီလရှင်ပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာကြီးအမှူးပြုသော သာသနာ့အနွယ်ဝင်သီလရှင်ဆရာကြီး၊ ဆရာလေး (၃၁)ပါးတို့သည် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းက ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် (၈၀၇) သီတဂူဓမ္မာရုံဂေါပကအဖွဲ့ဝင်များ၏ စီစဉ်ဆောင်ရွက်မှုဖြင့် (ပထမအကြိမ်) အဆိုပါရပ်ကွက်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ သီလရှင်ဆရာကြီး၊ ဆရာလေးများသည် ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၂၆လမ်းနှင့် ၂၉လမ်းကြားရှိ အကွက်(၈၀၇၊ ၈၀၆၊၇၉၉)တို့အတွင်း လှည့်လည်၍ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြရာ ရပ်ကွက်အတွင်းရှိ အလှူရှင်ပြည်သူများက နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော်များ၊လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူပူဇော်ခဲ့ကြရာ လှူဒါန်းမှုအစုစုတို့၏ တန်ဖိုးမှာ ငွေကျပ် ၁၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



---

# (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ပဓာနနာယကဆရာတော်၊ ဘဒ္ဒန္တတိက္ခ အဘိဓေ မဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်းတို့အတွက် (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်သို့ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးစိုးခိုင်အား ရည်စူး၍ ဒေါ်ခင်မြိုင်(သုခစတိုး)မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်ကို ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းထံသို့ ပေးလှူရာ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ အလှူရှင် ဦးမောင်မောင်+ဒေါ်နန်းညွန့်ကြည်မိသားစုက ပဒေသာပင် တစ်ပင်နှင့် နဝကမ္မအလှူငွေကျပ် ငါးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဦးမျိုးမြင့်သိန်း+ဒေါ်ဝင်းဝင်းမင်း၊(သမီး) မမြတ်သီဂီ၊မဖြိုးသန့်ကလျာနွယ်၊ မဝင်းစန္ဒီမျိုး ချင်းရီရွှေဆိုင်မိသားစုက ပဒေသာပင်တစ်ပင်၊မန္တလေးမြို့နေ အလှူရှင် ရှေ့နေကြီး ဦးခင်မောင်ဦး+ဒေါ်ဝင်းသိန်း မိသားစုက သင်္ကန်းတစ်စုံ၊ ငွေကျပ် သုံးသောင်း၊ မန္တလေးမြို့ မန်းတောင်ခြေ ဘိုးဘွားရိပ်သာနေ အလှူရှင် ဒေါ်အုန်းမြိုင်၊ဒေါ်ခင်လုံး မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့ အလှူရှင် ဦးသောင်းထွန်း+ဒေါ်နုနုတို့အား ရည်စူး၍ ဦးကျော်ထွန်းက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ အလှူရှင် ဦးဇော်ဝင်း+ဒေါ်စိန်ငွေး မိသားစုက ပဒေသာပင်တစ်ပင်တို့ကို အသီးသီး လှူဒါန်းကုသိုလ်ပြုခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (ကဆ)

---

# ဖခင်ကြီးအား ရည်စူး၍ စတုဒိသာမုန့်ဟင်းခါးဖြင့် ကျွေးမွေးညှော့ခံလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ မြို့ဟောင်းဈေးနေ စတုဒိသာ အလှူရှင် ဖခင်ကြီး ဦးအောင်တင်ကို ရည်စူး၍ (၇)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဦးပွားဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး၊ ချမ်းမြသုခလူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးထွန်းလင်း+ဒေါ်စန်းစန်းရင်(ဦးအောင်တင်တရုတ်ကြီးကုန်စုံဆိုင်)မိသားစုတို့က သီတင်းကျွတ်လပြည့်နေ့ ညနေ ၃ နာရီမှစတင်ပြီး စတုဒိသာ မုန့်ဟင်းခါး ပိဿာချိန် ၂၀၀ ကျော်ဖြင့် မိမိနေအိမ်ရှေ့ ကွင်းပြင်၌ ဧည့်ခံလှူဒါန်းရာ ရပ်ကွက်နေ မိဘပြည်သူများ၊ ဘုရားဖူးဧည့်သည်များ စည်ကားသိုက်မြိုက်စွာ သုံးဆောင်ကြသည်။

အဆိုပါအလှူရှင်မိသားစုသည် ယခင်လပြည့်၊ လကွယ်နေ့များတွင်လည်း အပတ်စဉ် ထမင်းဟင်းလျာမျိုးစုံဖြင့် စတုဒိသာ ဧည့်ခံလှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၆)



# အဆင်ပြေသွားမှာပါ

"ကိစ္စများမြောင်၊ လူတို့ဘောင်" ဆိုတဲ့အတိုင်း ကျွန်တော်တို့နေထိုင်ရာ လူ့ဘောင်ကြီး(သို့မဟုတ်) လူ့လောကကြီးဟာ ကိစ္စတွေများပြီး ရှုပ်ထွေးနေပါတယ်။ တချို့ကိစ္စတွေက လွယ်လင့်တကူ ဖြေရှင်းလို့ရသလို တချို့ကိစ္စ(သို့မဟုတ်)ပြဿနာတွေကျ ခက်ခက်ခဲခဲနဲ့ ဖြေရှင်းယူရတတ်ပါတယ်။ ဒါပေမယ့်လည်း တချို့ကိစ္စကျတော့ ဖြေရှင်းလို့မရနိုင်အောင် "အမယ်ဘုတ်ရဲ့ ချည်ခင်"လို့ ရှုပ်ထွေးနေတတ်ပါတယ်။

ဒီလိုကိစ္စမျိုးတွေ ကြုံပြီ၊ တွေ့ပြီဆိုရင် ကျွန်တော်တို့စိတ်တွေလည်း ရှုပ်ထွေးလာတတ်ပါတယ်။ ဒီကိစ္စ၊ ဒီပြဿနာကို အကြောင်းပြုပြီး နေမထိ ထိုင်မသာ တစ်မှိုင်မှိုင်တစ်တွေတွေ ဖြစ်လာပါတယ်။ ကိုယ်စိတ်နှစ်ပါးလည်း ဆင်းရဲလာပါတယ်။ ဒီစိတ်ကြောင့် ထမင်းစားလည်း မဝင်၊ အိပ်သော်လည်း မပျော်၊ ဟိုဖက်လူး၊ ဒီဖက်လူးနဲ့သာ တစ်ညကူးခဲ့ရပါတယ်။ လမ်းသွားရင်လည်း ကိုယ့်အတွေးနဲ့ကိုယ် သွားသူဆိုတော့ သူတစ်ပါးကိုမမြင်ဘဲ ဝင်တိုက်နေလို့ အကြိမ်ကြိမ်အခါခါ တောင်းပန်ရပြန်ပါတယ်။

ဆိုင်ကယ်စီးသွားလည်း ဒီလိုပါပဲ။ မီးပွိုင့်ရောက်လို့ ရောက်မှန်းမသိ၊ မီးနီလို့နီမှန်းမသိဘဲ ဖြတ်ကူးမိလို့ အခြားယာဉ်တွေနဲ့ တိုက်မိမယ်လုပ်တာလည်း များခဲ့ပါတယ်။ ဒါက ဖြေရှင်းလို့မရနိုင်တဲ့ ကိစ္စပြဿနာအပေါ် စွဲလမ်းနေစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှုတွေကြောင့်ပါ။

တချို့ဆိုရင် ဒီလိုကိစ္စမျိုးတွေ ကြုံတွေ့ပြီဆိုလျှင် စိတ်ကျရောဂါတွေဖြစ်ပြီး ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ မိမိကိုယ်မိမိ အဆုံးစီရင်သွားသူတွေလည်း ဒုနဲ့ဒေးရှိနေပါတယ်။ တစ်ကယ်တော့ ဒီလိုမိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်းဟာ ပြဿနာတစ်ခုကို ဖြေရှင်းခြင်း မဟုတ်ဘဲ မိမိရဲ့ စဉ်းစားတွေးခေါ်ဉာဏ်နည်းမှုကြောင့် ကြုံလာတဲ့ ပြဿနာကို နည်းမှန်လမ်းမှန်နဲ့ ရင်ဆိုင်မဖြေရှင်းဘဲ ဖြတ်လမ်းနည်းနဲ့ စိတ်ဓာတ်ပျော့ညံ့စွာနဲ့ဘဝကို လက်မြှောက်အရှုံးပေးသွားခြင်းသာ ဖြစ်ပါတယ်။ အကျိုးမရှိတဲ့ လုပ်ဆောင်ချက်ပါ။

ဆိုခဲ့တဲ့အတိုင်း ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သူငယ်ချင်း မိတ်ဆွေတွေကို ပြောပြပါတယ်။ သူတို့ကလည်း သူတို့ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့ဥပမာပြပြီး နှစ်သိမ့်အားပေးစကားတွေ ပြောကြပါတယ်။ "ဘဝဆိုတာ ဒီလိုပါပဲဗျာ။ စိတ်ဓာတ်မကျပါနဲ့။ ခံနိုင်ရည်ရှိဖို့ပါပဲလိုတာပါ။ ဒီလောက်လဲ စိတ်မပူပါနဲ့။ တစ်နေ့ကျရင် အဆင်ပြေသွားမှာပါ"တဲ့ အမျိုးမျိုးအားပေးကြပါတယ်။ ဒီလိုအားပေးတဲ့စကားတွေအထဲမှာ "အဆင်ပြေသွားမှာပါ"ဆိုတဲ့ စကားကို ကျွန်တော်စိတ်ဝင်စားသွားပါတယ်။

ကျွန်တော့်စိတ်ကိုလည်း လှုပ်ရှားသွားစေပါတယ်။ အဲဒီစကားလုံးလေးခြောက်လုံးထဲမှာ အားမပါ ပါ။ အဆင်တန်ဆာလည်း မရှိပါ။ ရိုးရိုးလေးပါပဲ။ အဆင်ပြေသွားမှာပါ။ ဒါပေမယ့်လည်း ကျွန်တော်ကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော့် ရင်ထဲမှာ နွေးကနဲ ခံစားလိုက်ရတာတော့ အမှန်ပါ။

ပြောရရင် ဒီစကားလေးဟာ ရေဆာနေသူကို ရေတိုက်လိုက်သလိုမျိုး၊ ဗိုက်ဆာနေသူကို အစာပေးလိုက်သလိုမျိုး အင်အားဖြစ်သွားစေပါတယ်။ ဘာ့ကြောင့် ဒီစကားကို လူတစ်ယောက်အတွက် အင်အားဖြစ်သွားစေရတာပါလဲ၊ ဒါက ရှင်းပါတယ်။ အဆင်မပြေမှုတွေကြားမှာနေရတာ ငြီးငွေ့ပင်ပန်းဆင်းရဲနေတဲ့သူကို ထွက်ပေါက်တစ်ခု(သို့မဟုတ်) အလင်းရောင်တစ်ခုပေးလိုက်သလိုမျိုး ဖြစ်သွားစေလို့ပါပဲ။

ဒါပေမယ့်လည်း ဒီနေရာမှာ ပြောစရာစကားတစ်ခု ပေါ်ပေါက်လာပါတယ်။ အဲ့ဒါဘာလဲဆိုတော့ လူတစ်ယောက်က သင့်ကို "ဒီနှစ်ထဲမှာ ငွေတွေအစုလိုက်၊ အပုံလိုက် ဝင်ကိန်းရှိတယ်"လို့ ပြောတယ်ဆိုပါစို့ သင်က အဲဒါကို ယုံစားပြီး ဘာမှမလုပ်ဘဲ ဒီအတိုင်းထိုင်စောင့်နေရင် အဲဒီငွေတွေ ဝင်လာမှာမဟုတ်ပါ။ ငွေတွေ ဝင်လာအောင် ကံ၊ ဉာဏ်၊ ဝီရိယသုံးပြီး အလုပ်လုပ်ဖို့လည်း လိုပါတယ်။ ဒါမှသာ အဲဒီငွေတွေ ဝင်လာမှာလေ။

ဒီလိုပါပဲ ကိုယ်ကြုံတွေ့နေရတဲ့ ပြဿနာတွေ ပြေလည်ဖို့၊ အဆင်ပြေဖို့ ဆိုရင်လည်း ဒီအတိုင်းထိုင်နေလို့ မရပါ။ အဆင်ပြေဖို့အတွက် နည်းလမ်းတွေ ရှာရမှာဖြစ်ပါတယ်။ ဥပမာ အိမ်ထောင်ရေး အဆင်ပြေချင်ရင် ကိုယ့်ထက် သမ္မာရင့်၊ ဝါရင့်တဲ့သူတွေဆီ ချဉ်းကပ်ရပါမယ်။ စီးပွားရေး၊ လူမှုရေးပြဿနာတို့လည်း ဒီလိုပါပဲ။ ကိုယ့်မှာရောဂါတစ်ခုဖြစ်ပြီဆိုရင် ကိုယ်ထင်တာမလုပ်ဘဲ ဆေးဝါးကျွမ်းကျင်တဲ့ ဆေးပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးကုသရမှာ ဖြစ်ပါတယ်။ အမှုအခင်းဖြစ်တယ်ဆိုရင်လည်း ဥပဒေနားလည်တတ်ကျွမ်းတဲ့ ဥပဒေပညာရှင်များနဲ့ တွေ့ဆုံဆွေးနွေးပြီး လုပ်သင့်တာကိုပဲ လုပ်ရမှာပါ။ ဒါဆိုရင် အဆင်ပြေသွားမှာပါ။

ကျွန်တော်တို့က ပုထုဇဉ်လူသားတွေပါ။ လောကကြီးထဲမှာ နေထိုင်စဉ်ကာလအတွင်း မိမိတို့ရဲ့ စား၊ ဝတ်၊ နေရေးအတွက် အလုပ်တွေလုပ်နေကြရဦးမှာပါ။ ဒီလိုလုပ်ရင်းနဲ့ ဝမ်းနည်းစရာတွေ၊ ဝမ်းသာစရာတွေလည်း တွေ့နေရဦးမှာပါ။ ဒီအတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုပါတယ်။ တစ်ကယ်လို့ ကြုံတွေ့လာရင်လည်း လိုတာထက် မပိုစေချင်ပါ။

ဘယ်လိုကိစ္စမျိုးကြုံကြုံ မိမိတို့ရဲ့စိတ်ကို ထိန်းချုပ်ထားပါ တုန်လှုပ်ခြောက်ခြားခြင်း၊ အကြောက်လွန်ခြင်းများ မဖြစ်ဖို့လိုပါတယ်။ စိတ်ကို တည်ငြိမ်အောင်ထားပါ။ ဦးနှောက်ကို ကြည်လင်အောင်ထားပါ။ ပုံမှန် အလုပ် လုပ်ပါ။ ပုံမှန် ထမင်းစားပါ။ ပုံမှန် ရေချိုးပါ။ ပုံမှန်ပဲ အိပ်ပါ။

တစ်ဖက်ကလည်း ပြဿနာဖြေရှင်းဖို့ နည်းလမ်းရှာရင်း တစ်ဖက်ကလည်း မိမိရဲ့ကျန်းမာရေးကို ဂရုစိုက်ရပါ့မယ်။ ဆိုခဲ့တဲ့အတိုင်း ကျွန်တော်တို့ဟာ ပုထုဇဉ်တွေပါ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးကို ကြိုပြီး မသိနိုင်ပါ။ မမြင်နိုင်ပါ။ အတိတ်ကို သိပေမယ့်လည်း ပစ္စုပ္ပန်နဲ့အနာဂတ် ဘာဖြစ်မယ် ဆိုတာတွေ မသိနိုင်ပါ။ ဒါကြောင့် ပစ္စုပ္ပန်မှာပဲ တည့်တည့်ရှုပြီး အနာဂတ်ကို တွေးမပူသင့်ပါ။ ဘာကြောင့်လည်းဆိုရင် ကိုယ်မသိနိုင်၊ မမြင်နိုင်တာတွေ တွေးပြီး စိတ်ဆင်းရဲမှာ စိုးလို့ပါ။ လက်မှာသံစူးရင် လက်မှာပဲ ထားလိုက်ပါတဲ့။ ဦးနှောက်ထဲ မသွင်းပါနဲ့။ ဆိုလိုတာက လက်မှာသံစူးရင် ဆေးခန်းသွားပြပါ။ မေးခိုင်ကာကွယ်ဆေးထိုးပါ။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း လိုက်နာပါ။ ဒါဆို သံစူးတဲ့ကိစ္စ ပြီးသွားပြီလေ။ ဘာမှ ပူစရာ မလိုတော့ပါ။

ဒီလိုမှ မဟုတ်ဘဲ (ဆေးခန်းလည်း မသွားဘဲ) နဲ့ လက်ကအနာကို ကြည့်ပြီး မေးခိုင်ပိုးဝင်တော့မှာ၊ ပိုးက ဦးနှောက်ထဲ ရောက်သွားရင် ဘာဖြစ်တော့မှာ၊ ညာဖြစ်တော့မှာ ဆိုတဲ့ မလိုအပ်တဲ့ ကြိုတွေးတွေ တွေးပြီး ဒုက္ခတွေ ရှာနေသလိုဖြစ်မှာပါ။

ဒီနေ့ခေတ်ကြီးက အဖက်ဖက်ကနေ တိုးတက်ပြောင်းလဲနေပါတယ်။ လူတွေရဲ့ အမြင်တွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်တဲ့ စက်မှုနည်းပညာတွေလည်း အံ့မခန်းလောက်အောင်ကို တိုးတက်နေပါတယ်။ ဒီလိုခေတ်ကြီးထဲမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ ရှိရင်းစွဲ အတွေးအခေါ်၊ အယူအဆအဟောင်းတွေ ပြောင်းသင့် ပြောင်းကြရမှာပါ။

မိသားစုထဲက တစ်ဦးတစ်ယောက်ကွယ်လွန်သွားခဲ့ရင် ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေက ကြေကွဲဝမ်းနည်းပြီး မဖြေနိုင်ဘဲ လူးလိမ့်အော်ဟစ်ငိုတတ်ကြပါတယ်။ တချို့များဆိုရင် သတိလစ်သွားတဲ့အထိ ငိုကြပါတယ်။ ဒါကို အပြစ်မပြောလိုပါ။ ပုထုဇဉ်တွေကိုး။

ဒါကဘာလဲဆိုတော့ ကွယ်လွန်သွားသူအပေါ် ကျန်ရစ်သူများက သူတို့ ရင်ထဲမှာရှိတဲ့ မေတ္တာတရားတွေကို ဖော်ကျူးပြသလိုက်ခြင်းပါ။ ဒါပေမယ့်လည်း ဒီလိုပြုမူခြင်းက ပင်ပန်းလှပါတယ်။ ဆင်းရဲလှပါတယ်။ ကွယ်လွန်သွားသူအတွက်ရော ငိုကြွေးသူတွေအတွက်ပါ အကျိုးမရှိတော့ဘူးလို့ ထင်ပါတယ်။ အဲ့ဒီ့အစား ရုပ်အလောင်းကြီးကိုကြည့်ပြီး အသုဘကမ္မဋ္ဌာန်းရှုပွားရင်း "အော်ငါလဲတစ်နေ့ ဒီလိုသေရဦးမှာပါလား"ဆိုတဲ့ သံဝေဂတရားအသိဝင်ခြင်းက ပိုကောင်းပါတယ်။

ဒီလိုပါပဲ ကျွန်တော်တို့လည်း ဘယ်လိုပင် ရှုပ်ထွေးတဲ့ ပြဿနာတွေ ကြုံကြုံမငိုသင့်ပါ။ ဝမ်းမနည်းသင့်ပါ။ အသိစိတ်တွေ မလွတ်သင့်ပါ။ ဖြစ်လာတဲ့ ပြဿနာကို သံဝေဂယူပြီး ကံ၊ စိတ်၊ ဥတု မျှမျှတတ၊ မစ္ဆိမပဋိပဒါကျကျ နည်းမှန်၊ လမ်းမှန်၊ အတွေးအခေါ် အယူအဆမှန်တွေနဲ့ ရှုမြင်သုံးသပ်ကာ ရင်ဆိုင်ဖြေရှင်း သွားကြမယ်ဆိုပါရင် တစ်နေ့ကျ "**အဆင်ပြေသွားမှာပါ**"လို့ ပြောလိုက်ပါရစေ။

**ချမ်းမြေ့မိုး(မန္တလေး)**

## ရှေးဟောင်းရေကန်များသွားရာ လမ်းဘေးဝဲယာတစ်လျှောက် ထန်း၊ မန်ကျည်း၊ တမာပင်များ စိုက်ပျိုး

**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူထားရှိသည့် မြေသားဘောင်ပေါ်သို့ ထန်း၊ မန်ကျည်း၊ တမာပင်များ စိုက်ပျိုးခြင်းကို အောက်တိုဘာ ၁၅ရက် နံနက် ၈နာရီက ဇေယျဝေရီကန်သွားရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် စိုက်ပျိုးခဲ့သည်။

ပုဂံရှေးဟောင်းရေကန်များ ပြန်လည်ဖော်ထုတ်ဆယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ပြန်လည်ဆယ်ယူထားသည့် ရေကန်များ ရေဝင်ရောက်ပြည့်လျှက်ရှိကြောင်း၊ ရှေးဟောင်းရေကန်များသို့ သွားရာ မြေသားလမ်း လမ်းဘေးဝဲယာတစ်လျှောက် ဒေသပေါက်ပင်များဖြစ်သည့် ထန်း၊ မန်ကျည်း၊ တမာပင်များအား ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူးနှင့်ဝန်ထမ်းများက အရှေ့ဖွားစောကျေးရွာမှ ဇေယျဝေရီကန်အထိ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ထန်းသီးမှည့် ၅၀ လုံး၊ မန်ကျည်းပင် ၁၀၀ နှင့်တမာ ၅၀ ပင်တို့ စုပေါင်းစိုက်ပျိုးခဲ့သည်။



အဆိုပါသစ်ပင်စိုက်ပျိုးနေမှုအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)၊ ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

# သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားစေတီများ၌ ကုသိုလ်ပြု ဆီမီးပူဇော်သူများ၊ အပန်းဖြေသူများဖြင့် စည်ကား

**သရက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့ ) တွင် ရွှေသက်လွတ်စေတီတော်မြတ်ကြီးတွင်ယမန်နေ့ညပိုင်းက ဘုရားဖူးပြည်သူများ၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများ၊ ဆီမီးပူဇော်သူများနှင့် စည်ကားလျက်ရှိသည်။

ရွှေသက်လွတ်စေတီတော်မြတ်ကြီးတွင် ဒေသခံပြည်သူများက မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားသည့် နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) တွင် စေတီတော်မြတ်ကြီးအတွင်းရှိ စေတီပုထိုးများတွင် ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်းဖြင့် ကုသိုလ်ယူကြသည်။

ထို့ပြင် မြို့ပေါ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆရာတော်၊ သံဃာတော်များထံမှ ဥပုသ်သီလတရားနာယူသူများ၊ စတုဒိသာလှူဒါန်းသူများဖြင့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**





**ပြင်ဦးလွင် အောက်တိုဘာ ၁၈**

ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား) သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်) ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီခွဲက ဘုရားကြီး၏ရင်ပြင်တော်၌ ကျင်းပသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် ဆီမီးထွန်းညှိပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခင်နှစ်များနည်းတူ ယခုနှစ်မှာလည်း ဆီမီး ၃၀၀၀ ကို ထွန်းညှိပူဇော်ပြီး စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆင်နွှဲပူဇော်ကန်တော့ကြသည်။

ယခုလို သီတင်းကျွတ်လပြည့်နေ့ညတွင် မြတ်စွာဘုရားအား ဆီမီးများဖြင့် လှည့်လည်ပူဇော်ခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဘုရားပန်းများ၊ အမွှေးနံ့သာတိုင်များ၊ သောက်တော်ရေချမ်းကပ်လှူရခြင်းကြောင့် အလွန်ပင်ကုသိုလ်များရရှိကြောင်း ဘုရားဖူးပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

**မိုင်းယောင်း အောက်တိုဘာ ၁၈**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်းဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် ဓာတ်လုံစေတီတော်၊ ဗောဓိရွှေညောင်ပင်၊ ကိုရင်ကြီးတောရကျောင်း၊ တပ်ဦးကျောင်း၊ ကျိုင်းယင်းဘုန်းကြီးကျောင်းအပါအဝင် ဘုရားစေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့်ပြည်သူများကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ **(အောက်ပုံ)**

ထို့ပြင် ညပိုင်း၌ စေတီများနှင့် တပ်ဦးကျောင်း၊ ဟိုခုံဘုန်းကြီးကျောင်း၊ ကျိုင်းယင်းဘုန်းကြီးကျောင်း၊ မွန်ရုံဘုန်းကြီးကျောင်း၊ မွန်ဖွဲ့ဘုန်းကြီးကျောင်း၊ ကြောင်ကျိုက်ဘုန်းကြီးကျောင်းနှင့် ကြောင်ဆလီဘုန်းကြီးကျောင်းတို့၌ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ မြို့မဈေးနှင့် မြို့တွင်းရှိ ဈေးဆိုင်များတွင် ဈေးဝယ်ကြသူများနှင့် ဆင်ဆွဲပွဲ၊ နောင်ခမ်းကန်တော်နှင့် နမ့်ယောင်းချောင်း သဲသောင်ပြင်တို့တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။ ထို့ပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်း၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ခြင်းဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**နန်းစီဖေါင်း(ပြန်/ဆက်)**





**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ ဘုရားစေတီများတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်း၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့ရှိ ကျက်သရေဆောင် ရွှေ့ဟောင်းသမိုင်းဝင် ဘုရားငါးဆူစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၌ ပန်း၊ ဆီမီး ၁၀၀၀ပူဇော်ခြင်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

**မင်းဘူး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ တန်ခိုးကြီးဘုရားများ အထင်ကရနေရာများ၌ သီတင်းကျွတ်လပြည့်နေ့ အများပြည်သူ အလုပ်ပိတ်ရက်တွင် အပန်းဖြေခရီးထွက်သူ မိသားစုလိုက် ဘုရားဖူးထွက်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့၌ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲဘုရား၊ ဓာတ်တော်ကုန်းဘုရား၊ ရှင်မင်းဘူးဘုရား၊ ကြောင်လိန်ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ပန်းများကပ်လှူသူ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကာ ဘာဝနာပွားများသူ နဂါးပွက်တောင်တွင်လည်း နဂါးစာကျွေးမွေး လှူဒါန်းသူများနှင့် အနယ်နယ်အရပ်ရပ်မှဘုရားဖူးသူ၊ အပန်းဖြေအနားယူသူများဖြင့် အထူးစည်ကားလျက်ရှိပြီး တိုက်သစ်၊ သာစည်၊ မဟာစည်၊ ချမ်းသာကြီးနှင့် မှန်ကင်းဘုန်းတော်ကြီးကျောင်းများတွင်လည်း ဆွမ်းပေါင်းသူ၊ ဆွမ်းလောင်းသူ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)(၅၀၄)




**ရွှေဘို အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ သမိုင်းဝင် အောင်မြေရွှေတန်ဆာ၊ ချမ်းသာကြီး ချမ်းသာရ၊ မော်ဓေါမြင်သာ မြို့ထောင့်စေတီစသည့် တန်ခိုးကြီးဘုရားများနှင့် ရွှေဘုံရတနာမင်္ဂလာနန်းတော်တို့တွင် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစ၍ဘုရားဖူးလာပြည်သူများ ၊ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ မြတ်စွာဘုရားရှင်ဟာ တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားတော်တွေ ဟောကြားတော်မူသောနေ့ ဖြစ်တာကြောင့် 'အဘိဓမ္မာအခါတော်နေ့'လို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာတဲ့နေ့ဖြစ်လို့ ထူးမြတ်တဲ့နေ့အဖြစ် အသိအမှတ်ပြုကြပါတယ်"ဟု ဘုရားဖူးလာသူတစ်ဦးက ပြောသည်။

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာသည်ကိုရည်စူး၍ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးများ ထွန်းညှိပူဇော်ပွဲများကို ဘုရားစေတီများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ နေရာများတွင် ဆင်ယင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၃၉၄)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Moon Tae Yoo အောက်တိုဘာလတွင် လက်ထပ်မည်



ကိုရီးယားသရုပ်ဆောင် Queen To Tear တွင် ပါဝင်ခဲ့သည့် မင်းသား Moon Tae Yoo သည် ၂၀၂၄ခုနှစ် အောက်တိုဘာလတွင် လက်ထပ်မည့်သတင်းကို တရားဝင် ထုတ်ပြန်ကြေညာပေးထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Moon Tae Yoo သည် ၂၀၀၇ခုနှစ်တွင် ပွဲဦးထွက်၍ Hospital Playlist Forecasting Love and Weather The Interest Of Love နှင့် Queen Of Tears တို့တွင် ပါဝင်ထားပြီး ပရိသတ်အားပေးမှု ရရှိထားသည်။

Moon Tae Yoo ကသူ၏ ပရိသတ်တွေ့ဆုံပွဲတွင် သူတစ်သက်လုံးချစ်ပြီး အားကိုးရမည့် လက်တွဲဖော်တစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး အောက်တိုဘာ ၉ရက်တွင် လက်ထပ်မည်ဖြစ်ကြောင်း အနုပညာရှင်မဟုတ်သော်လည်း နားလည်မှု အပြည့်နှင့် ရပ်တည်ပေးကာ ပိုကောင်းသောလူဖြစ်အောင် ကြိုးစားပေးခဲ့၍ အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပရောဂျက်များနှင့်မြင်တွေ့ရရန် ကြိုးစားသွားမည်ဟု ပြောကြားခဲ့သည်။

SKY

## The Lord Of The Rings: The Return Of The King ရုပ်ရှင် Oscar (၁၁)ဆု ရရှိထား

၂၁ရာစုတွင် အော်စကာအများဆုံး (၁၁)ဆုရရှိထားသည့် The Lord Of The Rings: The Return Of The King ဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် Oscar Nominations ဆန်ခါတင် ၁၁ခုဝင်ခဲ့ပြီး ၁၁ခုလုံး အော်စကာရရှိခဲ့သည့် ကမ္ဘာပေါ်မှ တစ်ခုတည်းသော ရုပ်ရှင်ဖြစ်ပြီး ၂၁ရာစုတွင် အော်စကာ အများဆုံးရရှိထားသည့် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။

သရုပ်ဆောင်ပီပြင်မှု၊ ဇာတ်ရုပ်အံဝင်ဂွင်ကျဖြစ်မှု၊ ဒါရိုက်တာ၏ ဖန်တီးပုံဖော်မှု၊ ဇာတ်ညွှန်း၏ ရသထိမိမှုတို့အပြင် ဇာတ်ဝင်ခန်း အပြင်အဆင်နှင့် ဆွဲဆောင်အား ကောင်းမှုတို့ကြောင့် နာမည်ကျော်ခဲ့ခြင်း ဖြစ်သည်။

SKY




## Choi Young Joon လက်ထပ်ပွဲ အစီစဉ်ကြေညာထား

ကိုရီးယားအနုပညာရှင် သရုပ်ဆောင် Choi Young Joon ၏ အေဂျင်စီမှ လက်ထပ်ပွဲအစီစဉ် အသေးစိတ်ကို ထုတ်ပြန်ကြေညာပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

Choi Young Joon ၏ အေဂျင်စီ ACE FACTORY က တရားဝင် ထုတ်ပြန်ကြေညာထားရာတွင် မင်းသားနှင့် နှစ်ရှည်ကြာတွဲခဲ့သည့်ချစ်သူနှင့် အောက်တိုဘာ ၂၀ရက်တွင် မင်္ဂလာပွဲ ကျင်းပမည်ဖြစ်သည်ဟု ဖော်ပြထားသည့်အနက် သီးသန့်မင်္ဂလာပွဲ ဖြစ်သည်ဟု ဆိုသည်။

Choi Young Joon သည် အဆိုတော်၊သရုပ်ဆောင်တစ်ဦးဖြစ်ပြီး 7Days ဖွဲ့နှင့် ၂၀၀၂နှစ်တွင် ပွဲဦးထွက်ခဲ့ပြီး Flower of Evil Vincenzo, Mine, Hospital Playlist, Inspector Koo, Our Blues, Why Her စသည့် နာမည်ကြီး ဒရမ်မာကားများနှင့် ပရိသတ်အားပေးမှု ရရှိထားသူဖြစ်သည်။

Choi Young Joon ကနှစ်ရှည်ကြာတွဲခဲ့သည့် ချစ်သူနှင့်လက်ထပ်ပွဲ ကျင်းပမည်ဖြစ်၍ ပရိသတ်များက ဂုဏ်ပြုပေးထားကြသည်။

SKY



## အင်ဆူလင်ထိုးနေရသော ဆီးချိုဝေဒနာရှင်များအတွက် ကုထုံးသစ်တစ်မျိုး ထွက်ပေါ်လာပြီဟု ဆို



ယနေ့ကမ္ဘာတွင် ဆီးချိုအမျိုးအစား(၂)ရောဂါ ခံစားနေရသော ဝေဒနာရှင်ပေါင်း သန်း ၄၀၀ကျော် ရှိနေသည်ဟု အမေရိကန်ဆေးသိပ္ပံပညာရှင်များက အတည်ပြုထားသည်။

အဝလွန်ရောဂါနှင့်ဆက်နွယ်နေသော ဆီးချိုအမျိုးအစား(၂)ရောဂါ သက်သာပျောက်ကင်းစေရန် စူးစမ်းလေ့လာနေသည့် ဒေါက်တာစီလင်းဘွတ်ရှ် ဦးဆောင်သော အမေရိကန်သုတေသီများမကြာသေးမီက ကုထုံးသစ်တစ်မျိုး ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းကုထုံးဖြင့် ကုသပေးပါက အဆိုပါဆီးချိုဝေဒနာရှင်များ အင်ဆူလင်ဆေးထိုးစရာမလိုတော့ဘဲ ရောဂါသက်သာစေနိုင်မည်ဖြစ်ကြောင်း ဦးဆောင်သုတေသီ ဒေါက်တာစီလင်းဘွတ်ရှ်က ရှင်းလင်းပြောပြသည်။

ထိုကုထုံးကို အသက်၂၈နှင့်၇၅နှစ်အကြား ဆီးချိုဝေဒနာရှင်များဖြင့် လက်တွေ့စမ်းသပ်ကြည့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

SCI

## Kim So Hyun ကို Good Boy တွင် ရွှေတံဆိပ်ဆုရ သေနတ်ပစ်နတ်ဘုရားမအဖြစ် မြင်တွေ့ရ

၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် Good Boy ပြသမည့် ဇာတ်ကားတွင် မင်းသမီးချော Kim So Hyun က ရွှေတံဆိပ်ဆုရသေနတ်ပစ် နတ်ဘုရားမအဖြစ် ပါဝင်ထားပြီး နမူနာထွက်ရှိလာရာ ပရိသတ် အားပေးမှုရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အိုလံပစ်လက်ရွေးစင် အားကစားများမှ Olympic Avengers ဆိုသည့် အထူးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ကြမည့်သူများ အကြောင်း ဖြစ်သည်။




ပတ်ဘိုဂန်းက ရွှေတံဆိပ်ဆုရ လက်ရွေးစင် လက်ဝှေ့သမားဟောင်း Kim So Hyun က ရွှေတံဆိပ်ဆုရ သေနတ်ပစ်နတ်ဘုရားမ၊ ဟိုဆောင်တေးက ကြေးတံဆိပ်ဆုရ နပန်းအားကစားသမားဟောင်း၊ လီဆောင်ရီက ငွေတံဆိပ်ဆုရ ဓားရေးပြအားကစားသမား၊ တေဝမ်ဆွတ်က ကြေးတံဆိပ်ရ သံပြားပစ်အားကစားသမားဟောင်း၊ အိုဂျောင်ဆီက အကောက်ခွန်အရာရှိအဖြစ် ပါဝင်ထားကြသည်။

ယင်းဇာတ်ကားနမူနာတွင် တောင်ကိုရီးယား ကိုယ်စားပြု အိုလံပစ်အားကစားသမားများ၏ တူညီဝတ်စုံကို ဝတ်ဆင်ထားကြရာ ပရိသတ် စိတ်ဝင်စားနေကြသည်။

SKY

## ဂျပန်အဆိုတော် Joji (2 Songs) နှင့်အတူ Jung Kook က ဂျပန် Spotify တွင် 1Billion Stream ရရှိ

ဂျပန်အဆိုတော် Joji (3 Song) နှင့်အတူ BTS မှ Jung Kook က spotify တွင် 1 billion stream ကို Left &Right နှင့် စံချိန်တင်ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ချာလီပတ်နှင့် JungKook တို့နှစ်ဦး သီဆိုထားသည့် သီချင်းများမှာ ဒုတိယမြောက်ဖြစ်ပြီး ဂျပန်အဆိုတော် Joji (2 song)နှင့်အတူ ပူးတွဲ၍ စံချိန်တင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါသီချင်းနှင့် spotify ဘက်မှပေးအပ်လာမည့် Spotify 1 Billion Plaque Plate ကို ဂျောင်ကုက Featuring Artist တစ်ဦးအနေနဲ့တရားဝင်ရရှိမည်ဖြစ်ပြီး Seven နှင့် တရားဝင်ရရှိထားသည်။

ဂျပန် SptifyChart တွင် နံပါတ်တစ်ရရှိထားသော ကေပေါ့ပ်အဖွဲ့များတွင် ဘီတီအက်စ်၊ တွိုက်စ် JungKook နှင့်ဂျီမင်တို့လေးဦးသာရှိပြီး JungKook သည် ဂျပန်မြေပေါ် ခြေမချဖူးဘဲ ဂျပန်တွင် Seven Left &Right တို့နှင့် အောင်မြင်မှုများစွာ ရရှိထားသည်။



SKY

## ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါ ကျဆုံးသွားပြီဟု အစ္စရေးတပ်မတော်ဘက်ဆိုင်ရာပြောခွင့်ရသူ အတည်ပြု



**ဂျေရုဆလင် အောက်တိုဘာ ၁၈**

ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါ ကျဆုံးသွားပြီဟု အစ္စရေးတပ်မတော်ဘက်ဆိုင်ရာ ပြောခွင့်ရသူက အောက်တိုဘာ ၁၇ ရက်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် အောက်တိုဘာ ၁၆ ရက်က အစ္စရေးတပ်ဖွဲ့ ပြုလုပ်သော တပ်မတော်စစ်ဆင်ရေးတစ်ခု၌ သဘောထားတင်းမာသည်ဆိုသော အသက် ၆၁ နှစ်အရွယ် ယာယာဆင်ဝါ ကျဆုံးသွားခြင်း ဖြစ်သည်။

ရာဖာမြို့ တာလာလ်စူလ်တန်မြို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ဟားမတ်စ် လက်နက်ကိုင်သုံးဦးနှင့် ထိပ်တိုက်တွေ့ပြီး သုတ်သင်ရှင်းလင်းခံခဲ့ရသည်။

ထိုသုံးဦးအနက်မှ တစ်ဦးသည် ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါနှင့် ရုပ်တူသဖြင့် အစ္စရေးဘက်မှ ကျွမ်းကျင်သူများ စစ်ဆေးခဲ့ရာ ဟုတ်မှန်ကြောင်း အစ္စရေးတပ်မတော်ဘက်ဆိုင်ရာ ပြောခွင့်ရသူက အတည်ပြုခဲ့သည်။

မိမိတို့ခေါင်းဆောင် ကျဆုံးသွားသည်မှာ ဟုတ်မှန်သည်ဟု ဟားမတ်စ်အုပ်စုက အောက်တိုဘာ ၁၈ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။ **Mon**

## ဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီ ဦးဆောင်သော အီတလီအစိုးရ အငှားကိုယ်ဝန်ဆောင်ဖြင့် ပြည်ပ၌ ကလေးမယူရန် တားမြစ်

**ရောမ အောက်တိုဘာ ၁၈**

ဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီ ဦးဆောင်သော အီတလီအစိုးရက အငှားကိုယ်ဝန်ဆောင်ဖြင့် ပြည်ပ၌ ကလေးမယူရန် ဥပဒေဖြင့် ပိတ်ပင်တားမြစ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အငှားကိုယ်ဝန်ဆောင်ဖြင့် ကလေးယူရန် ပြည်ပသို့ထွက်ခွာမှု ပိတ်ပင်တားမြစ်သောဥပဒေကို အီတလီဆီးနိတ်လွှတ်တော်က အောက်တိုဘာ ၁၆ ရက်တွင် ထောက်ခံမဲ ၈၄ မဲ ကန့်ကွက်မဲ ၅၈ မဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

ထိုဥပဒေသည် မတရားသော ဥပဒေဖြစ်ပြီး မည်သည့်နိုင်ငံတွင်မျှ ထိုဥပဒေမျိုးရှိမည်မဟုတ်ကြောင်း မလိုလားသူများက ထောက်ပြဝေဖန်ခဲ့သည်။

ယင်းကဲ့သို့ ပြဋ္ဌာန်းလိုက်သည့်ဥပဒေကို ချိုးဖောက်လျှင် ထောင်ဒဏ် ၂ နှစ်နှင့် ငွေဒဏ် ယူရိုတစ်သန်း ပြစ်ဒဏ်ချမှတ်ခံရမည်ဟု ဆိုသည်။

လူဦးရေနည်းပါးလျက်ရှိသော အီတလီနိုင်ငံတွင် အဆိုပါ ဥပဒေပြဋ္ဌာန်းလိုက်သဖြင့် လူဦးရေတိုးပွားလာမှုကို ထိခိုက်စေနိုင်သည်ဟု ဝေဖန်သူများလည်း ရှိနေကြောင်း သိရသည်။ **Mon**



၂၃ ကြိမ်မြောက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ညီလာခံ တက်ရောက်ရန် ပါကစ္စတန်နိုင်ငံသို့ရောက်ရှိခဲ့သော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ယမ် ဂျိုင်ရှန်ကာ ပါကစ္စတန်ဝန်ကြီးချုပ် မူဟာမက်ရှေဘတ်ဇ်ရှရိဖ်အား အောက်တိုဘာ ၁၆ ရက်က သွားရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ **Mon**

## ယခုနှစ်၏ တတိယမြောက်မဟာလမင်းနှင့်အပြိုင် ကြယ်တံခွန်တစ်ခု ကမ္ဘာအနီးမှဖြတ်သန်းသွား

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၇ ရက် ညက ထွန်းလင်းခဲ့သည့် ယခုနှစ်၏ တတိယမြောက်မဟာလမင်းနှင့် အပြိုင် နှစ် ၈ သောင်းကြာမှတွေ့ခွင့်ရသော ကြယ်တံခွန်တစ်ခု ကမ္ဘာအနီးမှဖြတ်သန်းသွားခဲ့သည်ဟု နာဆာအဖွဲ့ အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လသည် ယခုနှစ်၏ မဟာလမင်းလေးစင်းအနက် ကမ္ဘာနှင့်အနီးဆုံးသို့ ချဉ်းကပ်ရောက်ရှိခဲ့သော လပင်ဖြစ်သည်။

ဩဂုတ် ၁၉ရက်က ပထမမဟာလ၊ စက်တင်ဘာ ၁၇ ရက်က ဒုတိယမဟာလ၊ အောက်တိုဘာ ၁၇ ရက်က တတိယမဟာလ အသီးသီးထွန်းလင်းခဲ့ပြီးနောက် နိုဝင်ဘာ ၁၅ ရက် ညတွင် စတုတ္ထမဟာလကို ထွက်ပေါ်လာဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## အိန္ဒိယလေကြောင်းလိုင်း ဗုံးခြိမ်းခြောက်ခံရခြင်းကိစ္စ ဆယ်ကျော်သက်လူငယ်ကို မွမ်ဘိုင်းရဲတပ်ဖွဲ့ စစ်ဆေးခဲ့

**ဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယလေကြောင်းလိုင်း ဗုံးခြိမ်းခြောက်ခံရခြင်းကိစ္စနှင့် ပတ်သက်၍ အဓိကသံသယရှိသူ ဆယ်ကျော်သက်လူငယ်ကို မွမ်ဘိုင်းရဲတပ်ဖွဲ့ စစ်ဆေးခဲ့သည်ဟု အိန္ဒိယအရပ်ဘက်လေကြောင်းပို့ဆောင်ရေးဝန်ကြီး ရမ်မိုဟာမ်နိုင်တူးကင်ဂျရာပူက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရဲစုံထောက်များ၏ကြိုးပမ်းမှုကြောင့် အောက်တိုဘာ ၁၆ ရက်တွင် အသက် ၁၇ နှစ်အရွယ် အဓိကသံသယရှိသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ချတ်တစ္စဂါပြည်နယ် ရတ်ဂျ်နန်းဂါအွန်မြို့မှ အဆိုပါအဓိကသံသယရှိသူကို ဖမ်းဆီးရမိပြီးနောက် ရဲအရာရှိများက ၎င်းကို စစ်ဆေးခဲ့ရာ သူငယ်ချင်းကို ချောက်ချရန်ကြံစည်ကာ အိတ်ခ်ျစ်လူမှုကွန်ရက်မှတစ်ဆင့် ဗုံးခြိမ်းခြောက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။

၎င်းသည် ထိုဗုံးခြိမ်းခြောက်မှုများကို ဖခင်၏လူမှုကွန်ရက်အကောင့်ဖြင့် ပြုလုပ်ခဲ့သဖြင့် ဖခင်ကိုပါ မွမ်ဘိုင်းရဲတပ်ဖွဲ့က ခေါ်ယူစစ်ချက်ယူခဲ့ကြောင်း သိရသည်။ **Mon**





## တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ကျိုးမြို့အနှံ့အပြားတွင် ခြင်မှတစ်ဆင့် ဒန်ဂီးအဖျားရောဂါ ကူးစက်လျက်ရှိ

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ကျိုးမြို့ အနှံ့အပြားတွင် ခြင်မှတစ်ဆင့် ဒန်ဂီးအဖျားရောဂါ ကူးစက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩဂုတ်လအတွင်း ထိုမြို့တွင် ဒန်ဂီးအဖျားရောဂါကူးစက်ခံရသူ ၅၀၀ ဦးခန့်ရှိခဲ့ရာမှ စက်တင်ဘာလမှ အောက်တိုဘာလဆန်းအထိ ကူးစက်ခံရသူဦးရေ ၁၇၇၀ အထိ မြင့်တက်ရောက်ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးကော်မရှင်က အတည်ပြုကြေညာသည်။

ကွမ်ကျိုးမြို့ရှိ ရပ်ကွက် ၁၁ ရပ်ကွက်စလုံးတွင် ဒန်ဂီးရောဂါ ကူးစက်နေပြီဖြစ်သဖြင့် အထူးဂရုစိုက်ကြရန် ဝေ့ပိုလူမှုကွန်ရက်မှတစ်ဆင့် မြို့နေလူထုကို သတိပေးထားကြသည်။

လူဦးရေ ၁၇ သန်း မီတင်းနေထိုင်သော ကွမ်ကျိုးမြို့တွင် ယခင်အပတ်က ထိုရောဂါကူးစက်မှုပမာဏ ၇၃ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။ **Mon**

## ပင်လယ်သမုဒ္ဒရာရေနက်ပိုင်း အပူလှိုင်းများအကြောင်း ဩစတြေးလျနှင့် တရုတ် နှစ်နိုင်ငံပူးတွဲသုတေသနပြု

**ပေကျင်း အောက်တိုဘာ ၁၈**



ပင်လယ်သမုဒ္ဒရာရေနက်ပိုင်း အပူလှိုင်းများအကြောင်း ဩစတြေးလျနှင့် တရုတ် နှစ်နိုင်ငံပူးတွဲသုတေသနပြုခဲ့ရာ မကြာသေးမီက ထူးခြားသောရလဒ်တွေ့ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရလဒ်နှင့်ပတ်သက်၍ အောက်တိုဘာ ၁၇ ရက်နေ့ထုတ် နေးချားသိပ္ပံဂျာနယ်တွင် စာတမ်းရေးသားတင်ပြထားသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများ တင်ပြဖူးခဲ့ခြင်းမရှိသည့် ရလဒ်ကို အဆိုပါနှစ်နိုင်ငံ သုတေသီများ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရေနက်ပိုင်းအပူလှိုင်းများသည် ရေသတ္တဝါများအတွက် စိုးရိမ်ဖွယ်ဖြစ်ကြောင်း သိရသည်။ **Mon**

**INTERNATIONAL NEWS**

**နိုင်ငံတကာသတင်းများ**

***STOP AIDS***

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီး ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ သို့ ❒

## ၂၀၂၄ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုအတွက် ဆန်ခါတင် ကစားသမား(၃)ဦး စာရင်းထွက်ပေါ်



**လန်ဒန် အောက်တိုဘာ ၁၈**

၂၀၂၄ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုအတွက် ဆန်ခါတင် ကစားသမား(၃)ဦး စာရင်းအား အာဖရိက ဘောလုံးအဖွဲ့ချုပ်(CAF)မှ ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၄ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုအတွက် ဆန်ခါတင် ကစားသမား(၃)ဦး စာရင်းတွင် အတ္တလန်တာအသင်းနှင့် နိုင်ဂျီးရီးယားအသင်း တိုက်စစ်မှူး လွတ်ခ်မန်း၊ လေဗာကူဆင်အသင်းနှင့် နိုင်ဂျီးယားအသင်း တိုက်စစ်မှူး ဘိုနီဖေ့စ်၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် မော်ရိုကိုအသင်း ကွင်းလယ် ကစားသမားဘရာဟင်ဒီယက်ဇ်တို့ ရွေးချယ်ခြင်း ခံထားရသည်။

အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ၁၉၉၂ ခုနှစ်မှ စတင်ကာ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အာဖရိက ဘောလုံးလောက၏ တန်ဖိုးအရှိဆုံး ဆုတစ်ခုလည်း ဖြစ်သည်။


ထို့ကြောင့် ၂၀၂၄ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆု ယခု ဆန်ခါတင် ကစားသမား ၃ ဦးထဲမှ မည်သည့် ကစားသမားက ဆွတ်ခူးသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




## လေပွေလှိုင်းများ၏အရှိန်၊ လေဖိအားနည်းဆဲလ်နှင့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့် မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့်

စာမျက်နှာ ၄ သို့ ☆